မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၁၉ရက်၊ တနင်္လာနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၈၇)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်နှင့်
အကျိုးတော်ဆောင်ဆရာတော်တို့အား ရွေးချယ်တင်မြှောက်

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

တင်မြှောက်

ရှေးဦးစွာ ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေး၏ ဩဝါဒါစရိယ ဆရာတော်ကြီးခုနစ်ပါးအား တင်မြှောက်တော်မူကြသည်။

အထူးအစည်းအဝေး၌ သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏောသနက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။ စာမျက်နှာ ၃ ကော်လံ ၁ ❍

မြန်ပြည်တစ်ဝန်း လမ်း၊ တံတားများ ကွန်ရက်ဆက်စပ်ရစ်ပတ်ဖွဲ့နှောင်

ရေးသားသူ ➢ မောင်စောဝင်း (မြန်မာ့အလင်း)
ဓာတ်ပုံမှတ်တမ်း ➢ မြန်မာ့အလင်း
စာမျက်နှာဖွဲ့စည်းမှု ➢ လှဲ့လှဲ့ဝင်း (မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၁၈

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုတို့သည် တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဆိုသကဲ့သို့ အပြန်အလှန် အမှီသဟဲပြုလျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားစေရေး အထောက်အကူပြုသကဲ့သို့ တိုင်းရင်းသားလူမျိုးအချင်းချင်း ပေါင်းကူးဆက်သွယ်မှု လျင်မြန်သွက်လက်စေပြီး စည်းလုံးညီညွတ်မှုအားကို တိုးပွားစေသည်။

ကူးသန်းသွားလာနိုင်

၁၉၈၈ခုနှစ် မတိုင်မီက လမ်းပန်းဆက်သွယ်ရေး မပြည့်စုံ၊ အကြောင်းအမျိုးမျိုးကြောင့် တောတောင်ထူထပ်ပြီး ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမဆိုထားနှင့် ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့၌ပင် ကားလမ်းခရီးဟူ၍ မည်မည်ရရမရှိ၊ ရေကြောင်းနှင့် လေကြောင်းခရီးကိုသာ အားပြုပြီး ကူးသန်းသွားလာခဲ့ရသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

အာဆီယံလမ်းသတ်မှတ်ချက် အမျိုးအစား၌ ပါဝင်သည့် ဘီလပ်မြေကွန်ကရစ်အဆင့်မြင့်လမ်းကို ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး နေပြည်တော်-ရန်ကုန်လမ်းပိုင်းတွင် ခင်းထားသည်ကို ဤသို့ တွေ့ရသည်။

၁၉၈၈ခုနှစ်နောက်ပိုင်း ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ်အတွင်း နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် မအီ-ကျောက်ဖြူ လမ်းပိုင်းရှိ မင်းကြောင်းချောင်းတံတားကြီး၏ မြင်ကွင်းအလှကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၁၉ ရက်)

အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးတက်ဖြစ်ထွန်းရေး နိုင်ငံတော်နှင့်အတူ လက်တွဲပါဝင် ကြိုးပမ်းဖော်ဆောင်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်အတွက်အရေးပါသည့် လိုအပ်ချက်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်း အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ဘွဲ့ရပညာတတ်များ၊ ဘွဲ့လွန်ပညာရှင်များကို မွေးထုတ်ပေးလျက် ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

အခြေခံပညာသင်ယူရန် အရွယ်ရောက်သူတိုင်း ကျောင်းနေနိုင်ရေးအတွက် ကျောင်းဖွင့်ရာသီတွင် ကျောင်းအပ်နှံရေး သီတင်းပတ်လုပ်ငန်းများကို နိုင်ငံတစ်ဝန်းလုံး၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်သကဲ့သို့ ကျောင်းသား ကျောင်းသူများ ပညာသင်နှစ်အလိုက် ကျောင်းနေမြဲရေး၊ ကျောင်းထွက်နှုန်း လျော့နည်းကျဆင်းရေး၊ သင်ယူတတ်မြောက်မှုအရည်အသွေးမြင့်မားရေးတို့ကို စဉ်ဆက်မပြတ် ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိသည်။

ပညာသင်ယူမှုအခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ပေးရာ၌ နယ်စပ်ဒေသများပါမကျန် တိုင်းရင်းသားလူငယ်များ အသိပညာနှင့် အတတ်ပညာရှင်များပေါ်ထွန်းလာစေရန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် စသည်တို့ကို ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိသည်။

နယ်စပ်ဒေသနေ လူငယ်လူရွယ် အမျိုးသမီးများအတွက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်ဖြစ်ထွန်းလာစေရေးအတွက် ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်လျက်ရှိရာ အသိပညာရှင်၊ အတတ်ပညာရှင်များပေါ်ထွန်းလာပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း အမီလိုက်နိုင်ရန် အနာဂတ်မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

ယနေ့ပြည်ထောင်စုတစ်ဝန်း လမ်းများ၊ တံတားများ၊ စက်ရုံများ၊ ဆည်တမံများကို ကိုယ်ပိုင်စွမ်းအားဖြင့် တည်ဆောက်နိုင်ခြင်းသည် နိုင်ငံတော်မှ ပြုစုပျိုးထောင်လိုက်သော ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ပေါ်ထွန်းလာခြင်း၏ အကျိုးရလဒ်ကောင်းများဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးဖြစ်ထွန်းရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်ရာတွင် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူလက်တွဲ၍ ကိုယ်ပိုင်စွမ်းအားများဖြင့် ဦးထမ်းပဲ့ထမ်း ပါဝင်ကြိုးပမ်း ဖော်ဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ရတနသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **အစွမ်းထက်သောပရိတ်များ** (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၆:၅၀ သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၁)
၈:၃၀ Sports World (Air Race)
၈:၅၅ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
၉:၁၀ ရင်သပ်ရှုမောဖွယ်ရာ.... အံ့ဩသင့်ဖွယ်ရာ.... စိတ်၏ငြိမ်းချမ်းမှုများပေါင်းဆုံရာ
၉:၂၀ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၉:၄၅ Global Panorama
၁၁:၀၅ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့် သစ်ခွဥယျာဉ်ကမ္ဘာ
၁၁:၂၀ စွယ်တော်လေးဆူ ဆုပန်ယူ
၁၁:၃၅ International Show Biz
၁၁:၅၅ ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့
၁၂:၁၀ ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
၁၂:၂၅ သာသနာဟိတဆွမ်းလောင်း ဆန်လှူအသင်း တစ်ဖွန်းဆန် အကြိမ်(၁၀၀)ပြည့် အထိမ်းအမှတ် ပွဲတော်နှင့် (၁၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
၁၂:၄၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
၁:၀၀ **အစွမ်းထက်သောပရိတ်များ** (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ Celebrity Choice (ကျော်ကျော်ဗို)
၃:၂၀ ဝင့်ကြွားအားမာန် **ကတိုက်တမံ**
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၁)
၄:၀၅ မူဟန်ကိုယ်စီတေးကိုသီ
၄:၁၅ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၄:၃၀ ရင်သပ်ရှုမောဖွယ်ရာ.... အံ့ဩသင့်ဖွယ်ရာ.... စိတ်၏ငြိမ်းချမ်းမှုများပေါင်းဆုံရာ
၄:၄၅ စာအုပ်ပြခန်း (စာရေးဆရာဦးလှထွန်းနှင့် တွေ့ဆုံခြင်း)
၅:၂၀ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၆:၀၀ MRTV-4 သတင်း
၆:၂၀ International Show Biz
၆:၃၅ အနုပညာမိုးကောင်းကင်
၇:၀၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
၇:၃၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
၈:၀၀ MRTV-4 သတင်း
၈:၃၀ Celebrity Choice (ကျော်ကျော်ဗို)
၉:၀၅ အနုပညာမိုးကောင်းကင်
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၁)
၁၀:၀၀ ကျန်းမာစေဖို့ Giffarine ဖြည့်စွက်စာများ
၁၀:၂၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၄၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (မလိခလမ်းက သဘာဝတရားတွေ လွှမ်းခြုံထားတဲ့အိမ်ကလေး)
၁၁:၁၀ ပြင်ဦးလွင်မှ Feel စားသောက်ဆိုင်သို့ အလည်တစ်ခေါက်
၁၁:၃၅ စွယ်တော်လေးဆူ ဆုပန်ယူ
၁၁:၅၅ မြတ်စိန္တေကိုရည်စူးလို့ အလင်းတိုင်နှင့် ပူဇော်မယ်
၁၂:၁၀ ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့် သစ်ခွဥယျာဉ်ကမ္ဘာ
၁၂:၂၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း စည်းဝေး

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၁၆ရက်က ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် တက်ရောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အဖွင့် အမှာစကားပြောကြားသည်။

ညှိနှိုင်းဖြည့်ဆည်း

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယာဉ်လိုင်းဥက္ကဋ္ဌများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

ဝန်ကြီးဦးမောင်မောင်သိမ်း ကျွန်းပင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန သတ်မှတ်နေရာ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းနှင့်ဇနီး ဒေါ်မြင့်မြင့်အေး **(ဝဲပုံ)**၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြပြီး ရတနာ တန်းဝင် ကျွန်းနှင့်သစ်မာပင် ၂၀၀၀ကျော်ကို စိုက်ပျိုးကြသည်။

ငါးမျိုးစိုက်ထည့်

ယင်းနောက် ဝန်ကြီးနှင့် ဇနီး၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်း မိသားစုများသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လျှိုပိတ်ဆည် အမှတ် (၂၉)၌ ကျင်းပသည့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့တက်ရောက်ကြပြီး ငါးမြစ်ချင်း၊ ငွေရောင်ငါးကြင်း၊ ရွှေရောင်ငါးကြင်း၊ ငါးခုံးမ၊ တီလားဗီးယားစသည့် ငါးမျိုးသားပေါက်ကောင်ရေ သုံးသောင်းကို စုပေါင်းမျိုးစိုက်ထည့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုတ၊ ရသ စာအုပ်လှူဒါန်းပွဲ ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန် မြို့နယ်၌ ဇူလိုင် ၁၅ရက် နံနက် ၁၀ နာရီခွဲက ရုံးခန်းမ၌ သုတ၊ ရသစာအုပ်များ လှူဒါန်းပွဲကျင်းပရာ ဦးစီးအရာရှိ ဒေါ်ဖြူဖြူ၊ မြို့နယ် ဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် ဝန်ထမ်းများ၊ အလှူရှင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များ၏ ကိုယ်စား ကဗျာစာပေဆု လေးဆုရ ကဗျာဆရာ၊ စာရေးဆရာ ပုဏ္ဏဝတီတင့်နှောင်းက စာအုပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီးနောက် ငွေကျပ် ၁၁၂၉၅၀တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၃၉၂အုပ်ကိုလည်းကောင်း၊ ဦးမြသင်း-ဒေါ်သင်းသင်းရီ မိသားစုက ငွေကျပ် ၂၁၅၀၀တန်ဖိုးရှိ သုတ၊ ရသစာအုပ်၁၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဦးစီး အရာရှိ ဒေါ်ဖြူဖြူက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

(ယာပုံ) (မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် ပြည်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်နှင့်အတူ ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောက်လုပ်ပြီးစီးသွားသည့် ဝက်ထီးကန်-ပေါင်းတလည် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သဲကျဲလေးတံတားကို ဇွန် ၂၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြတ်စိုး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး အတိုင်းတိုင်း အပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကို ခံရသည့်

သာသနာတော်အတွက် အားအထားရဆုံး အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီးဖြစ်

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ်နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့အထူးအစည်းအဝေး၌ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏာသန မြွက်ကြားတော်မူသော သမ္မောဒနီယ သာရဏီယသြဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်နယ်/တိုင်း/ဂိုဏ်းအသီးသီးတို့မှသာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဦးတည်ချက်ဖြင့် ကြွရောက်တော်မူလာကြကုန်သော သာသနာ့ ကျက်သရေဆောင် သံဃာ့ဦးသျှောင်ဖြစ်တော်မူကြသည့် နိုင်ငံတော် သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အရှင်မြတ်တို့ဘုရား။ အစည်းအဝေးသို့ ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီပေးကာ ကြွရောက်တော်မူလာကြကုန်သော နိုင်ငံတော်အဆင့် ဆရာတော်အရှင်မြတ်များအပွါဗာအဓေပွါတက် လဟုဋ္ဌာန ဖြစ်တော်မူကြ၍ သက်တော်ရာကျော်ရှည်တော်မူကြလျက် ကိုယ်စိတ်နှစ်ဖြာ ကြည်သာ ရွှင်လန်းချမ်းမြေ့စွာဖြင့် မိမိတို့ဆောင်ရွက်မည့် သာသနာ့ကိစ္စများကို လုံ့လမလစ် အားသစ်ကြိုးပမ်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်တော်မူနိုင်ကြပါစေဟု မေတ္တာပုဗ္ဗင်္ဂမ အာသီသ ပတ္ထနာပြုလျက် နှုတ်ခွန်းဆက်စကား လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား ယခုအစည်းအဝေးသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်မည့် အထူးအစည်းအဝေးဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်အစိုးရနှင့် ရဟန်းရှင်လူပြည်သူပြည်သားတို့၏ အားကိုးအားထားပြုရာ ဖြစ်ရုံမျှမက အတိုင်းတိုင်း အပြည်ပြည်ကပင် လေးလေးစားစား အသိအမှတ်ပြုခြင်းကို ခံရသည့် မျက်မှောက်ခေတ် သာသနာတော်အတွက် အားအထားရဆုံး အဆင့်အမြင့်ဆုံး သံဃာ့အဖွဲ့အစည်းကြီး ဖြစ်သည်ကို ဆရာတော်အရှင်မြတ်များ သိတော်မူကြပြီး ဖြစ်ပါသည်ဘုရား။

ထိုအမြင့်ဆုံး သံဃာ့အဖွဲ့အစည်းဖြစ်သော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၏ ဂုဏ်အင်္ဂါအရည်အချင်းများကို သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ အခန်း(၄)အပိုဒ် (၂၁)၌ ဖော်ပြထားပါသည်ဘုရား။ ထိုဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်ဖြစ်ပါသည်ဘုရား။ (သံ/စည်း)ပါ ထိုဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံသည့်အပြင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ဥက္ကဋ္ဌသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း ငါးသိန်းကျော်သော သံဃာတော်များ နိုင်ငံတော်အစိုးရ ရဟန်းရှင်လူပြည်သူတို့၏ အခေါင်ထွတ်တီး ထိပ်ခေါင်တင် သာသနာ့ကျက်သရေဆောင် သံဃာ့ဦးသျှောင် ဥက္ကဋ္ဌဆရာတော်ကြီးဖြစ်၍ (အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ် ဒုတိယမိတ္တသုတ်)၌ လာသော ဗုဒ္ဓမိန့်မှာ ဒေသနာတော်လာ-

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစဋ္ဌာနေ နိယောဇကော။
ဟူသော ဒေသနာဂုဏ်အရည်အချင်းများနှင့်လည်း ပြည့်စုံသင့်လှပါသည်ဘုရား။

(၁) သီတင်းသုံးဖော်တို့၏ (ဝါ) ရဟန်းရှင်လူတို့၏ ချစ်ခင်အပ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ပိယ-ဂုဏ်)
(၂) သီတင်းသုံးဖော်တို့၏ (ဝါ)ရဟန်းရှင်လူတို့၏ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဂရု-ဂုဏ်)
(၃) သီတင်းသုံးဖော်တို့၏ (ဝါ)ရဟန်းရှင်လူတို့၏ ချီးမွမ်းထိုက်၊ နှလုံးကိုပွားစေတတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဘာဝနီယဂုဏ်)
(၄) ကျွမ်းကျင်ပါးနပ်စွာ ပြောဆိုဆုံးမတတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဝတ္တုဂုဏ်)
(၅) အကြီးအကဲ ပုဂ္ဂိုလ်တို့၏ ပြောဆိုဆုံးမ သြဝါဒစကားကို ရိုသေစွာလိုက်နာ ပြုကျင့်တတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဝစနက္ခမဂုဏ်)
(၆) သိမ်မွေ့နက်နဲသောစကားကို ပြောဆိုပြုလုပ်တတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (ဂမ္ဘီရကထာ ကတ္တုဂုဏ်)
(၇) မစေခိုင်း၊ မတိုက်တွန်းသင့်သော အကျိုးမဲ့လုပ်ငန်းကိစ္စ၌ မစေခိုင်း မတိုက်တွန်းတတ်သော ပုဂ္ဂိုလ်ဖြစ်ခြင်းဟူသော (နဋ္ဌာန နိယောဇကဂုဏ်)

အကြီးအကဲ ဥက္ကဋ္ဌပုဂ္ဂိုလ်သည် ဖော်ပြခဲ့ပြီးသော ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်ဘုရား။ ဤဂုဏ်အင်္ဂါအရည်အချင်းများနှင့်ပြည့်စုံသော ဥက္ကဋ္ဌ ဖြစ်ပါက နေနှင့်လ၊ ရွှေနှင့်မြပမာ ဂုဏ်နှင့်ဂုဏေး၊ ဂုဏေးနှင့်ဂုဏ်တို့ဟာ အလှမှာ အယဉ်ဆင့်သလို သာသနာ့အလယ်မှာ အလွန်အမြင်တင့်မည်ဖြစ်ပါသည်ဘုရား။ သို့ပါသော်လည်း ခေတ်ကာလအချိန်အခါ အခြေအနေအရ (သံ/စည်း)၌ပါသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အတွက် သတ်မှတ်ထားသော ဂုဏ်အင်္ဂါ အရည်အချင်းများနှင့် ပြည့်စုံနေလျှင်လည်း ဥက္ကဋ္ဌအဖြစ် ရွေးချယ်သင့်ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် နှိုင်းချိန်၍ ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားတိုးတက်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်မည့် ဂိုဏ်းပေါင်းစုံသံဃာတော်များ၏ ရိုသေထိုက်၊ ချစ်ခင်ထိုက်၊ ချီးမွမ်းထိုက်၊ မြတ်နိုးထိုက်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်မည့် ဥက္ကဋ္ဌဆရာတော်အား သံဃာ့စည်းလုံးညီညွတ်ရေးကို မပျက်စီးမပြိုကွဲစေဘဲ ရွေးချယ်တော်မူကြပါဟု မေတ္တာစိတ်ထားဖြင့် လေးလေးနက်နက်တိုက်တွန်းရင်း တပည့်တော်၏ သမ္မောဒနီယသာရဏီယ သြဝါဒကထာကို နိဂုံးကမ္ပတ်အဆုံးသတ်ပါသည် ဆရာတော် သံဃာတော်အရှင်မြတ်တို့ဘုရား။

(ဘဒ္ဒန္တဂုဏာသန)
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဒုတိယဥက္ကဋ္ဌ
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့

❍ *ရှေ့ဖုံးမှ*

ပြည့်မီကျော်လွန်

ယင်းနောက် အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကျင်းပကြောင်းနှင့် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော် အရေအတွက် ပြည့်မီကျော်လွန်သဖြင့် အထူးအစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်များက "သာသနဿ လောကဿ" အစချီဂါထာကို သုံးကြိမ်ရွတ်ဆိုလျက် အစည်းအဝေးကို ဖွင့်လှစ်တော်မူကြသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏာသနက အစည်းအဝေးဖွင့် သမ္မောဒနီယ သာရဏီယသြဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိ ဆရာတော်၏ သမ္မောဒနီယ သာရဏီယ သြဝါဒကထာကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးသို့ ဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေးကို အထူးရှေးရှု၊ အလေးဂရုပြုတော်မူကြကာ ကိုယ်ရေးကိုယ်တာအမှု၊ ခန္ဓာကိုယ် ပင်ပန်းနွမ်းနယ်မှုတို့ကို မငဲ့မရှု သည်းခံမှုဖြင့် အညီအညွတ် ကြွရောက် ချီးမြှင့်တော်မူလာကြသော သာသနာ့ထိပ်ခေါင်တင် နိုင်ငံတော် သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အရှင်မြတ်များအား ကျန်းကျန်းမာမာ စုံစုံညီညီ ဖူးမြော်ကြည်ညိုခွင့်ရရှိပါသဖြင့်လည်းကောင်း၊ သုခါ သံဃဿသာမဂ္ဂီ၊ သမဂ္ဂါနံ တပေါ သုခေါအကျင့်သီလသိက္ခာ၊ စိတ်နေသဘောထား တူမျှသူတို့၏ အမှုအကျင့်နှင့် ဆောင်ရွက်ချက်များ ညီညွတ်စုစည်းမှုတခြင်းသည် ချမ်းသာ၏ဟု ဗုဒ္ဓဘုရားရှင် ဟောကြားမိန့်မှာတော်မူသည့်အတိုင်း ပြည်ထောင်စုမြန်မာနိုင်ငံတော် ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီး၏ ကိစ္စတာဝန်များကို ညီညွတ်စွာ အညီအညွတ် စည်းဝေးတိုင်ပင် ညှိနှိုင်းဆုံးဖြတ်ကြမည်ကို သိရှိကြည်ညိုရပါသဖြင့်လည်းကောင်း အလွန်အထူးပင်ကြည်နူး ဝမ်းမြောက်ရပါကြောင်း ရှေးဦးစွာ လျှောက်ထားအပ်ပါကြောင်း။

ဖြေရှင်းဆောင်ရွက်

သာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားစေရန်၊ သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံသီတင်းသုံး၍ သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားရန်၊ သံဃာတော်များသည် စုရနှစ်ပါးကို ကိုယ်စိတ်ချမ်းသာစွာ ထမ်းဆောင်လျက် သာသနာတော်သုံးရပ်အတွက် ဆောင်ရွက်နိုင်ကြစေရန်၊ သံဃာညီညွတ်ရေးကို ရှေးရှုဆောင်ရွက်ကြရန် စသော ရည်ရွယ်ချက်များကို အခြေခံလျက် ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးကို ၁၉၈၀ပြည့်နှစ် မေလတွင် ဖွဲ့စည်း တည်ထောင်ခဲ့ပြီး ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းသံဃနာယက စသည့်သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့သည် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားရေးဆောင်ရွက်ရာတွင် အခြေခံထားကိုးကားမှီငြမ်းရမည့် သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ လက်စွဲကျမ်းများ၊ ညွှန်ကြားလွှာများ အခါအားလျော်စွာ ပြဋ္ဌာန်းထားသော ညွှန်ကြားချက်များနှင့်အညီ လိုက်နာကျင့်ဆောင်လျက် သာသနာရေးကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြပါကြောင်း။

နိုင်ငံတော် သြဝါဒါစရိယမဟာထေရ်မြတ်ကြီးများ၏ သြဝါဒများကို နာယူလျက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ ဦးဆောင်မှုဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ပြန့်ပွားရေး လုပ်ငန်းရပ်များကို သာသနာ့တာဝန် ဒို့တာဝန်ဟု ခံယူကာ စုစည်းညီညွတ်စွာ ဆောင်ရွက်ကြရာတွင် မိမိတို့ဒေသနယ်ပယ်အတွင်းရှိ ကျောင်းတိုက်များမှ ရဟန်းသာမဏေများအား ဝိနည်းသိက္ခာ စည်းကမ်းများနှင့်အညီ သီတင်းသုံးနေထိုင်စေရေး၊ ဝိနည်းသိက္ခာနှင့် မညီ သမဏသာရုပ္ပမဖြစ်သော အမှုအကျင့်များကို ရှောင်ရှားစေရေး၊ လူဝတ်ကြောင် လူပုဂ္ဂိုလ်တို့၏ ရှုပ်ထွေးလှသော လောကီလူမှုကိစ္စများ၌ ပါဝင်ပတ်သက်မှုမရှိစေရေး၊ ရဟန်းသာမဏေများ လိုက်နာဆောင်ရွက်ရမည့် ဂန္ထဝိပဿနာနှစ်ဖြာဓုရ အကျင့်မြတ်တို့ကို ပြတ်သားထိမိ သိရှိလိုက်နာ ကျင့်ကြံကြစေရေး စသည်တို့ကို မိမိလည်း လိုက်နာကျင့်ဆောင်၍ ရဟန်းငယ်များနှင့် ရှင်သာမဏေများကို လမ်းညွှန်သြဝါဒပေးကာ ဒါယကာ ဒါယိကာမများကိုလည်း သာသနဗဟုသုတ အသိအမြင် အဆုံးအမ တိုးပွားစေပြီး ဒါယကာတို့၏ သဒ္ဓါတရားကို ထိန်းသိမ်း စောင့်ရှောက်ပေးခြင်းဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ကြပါကြောင်း။

ကြည်ညိုပူဇော်

ထို့အပြင် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တို့သည် ဝိနိစ္ဆယရေးရာ၊သာသနာရေးရာ၊ ပညာရေးရာ ကဏ္ဍအသီးသီးတို့တွင် သံဃာ့ကိစ္စ သံဃာဆောင်ရွက်ရေးမူဖြင့် ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားလွှာများ၊ စည်းမျဉ်းစည်းကမ်းများ၊ နည်းဥပဒေများစသည်တို့နှင့်အညီ အဂတိတရားများ ပယ်ရှားလျက်သတိထိန်းချုပ်အားစိုက်ထုတ်ကာ ဆောင်ရွက်တော်မူခဲ့ကြသည်ကို တွေ့ရှိရပါသဖြင့် အားတက်ပိုမို ကြည်ညိုပူဇော်ရပါကြောင်း။

ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး၏ သက်တမ်းသည် ၁၉၈၀ ပြည့်နှစ်မှစ၍ အနှစ် ၃၀ ရှိခဲ့ပြီဖြစ်ပါကြောင်း၊ အနှစ် ၃၀ သက်တမ်းအတွင်း နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ ထိပ်ခေါင်တင်ဥက္ကဋ္ဌဆရာတော်ကြီးများမှာ - အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့မ ဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော်ကြီးဟူ၍ မထေရ်မြတ်ကြီးသုံးပါးတို့အား ရွေးကောက်တင်မြှောက်ခဲ့ရာ ဆရာတော်ကြီးများသည် အသက်ခန္ဓာချုပ်ငြိမ်းသည်အထိ သာသနာ့တာဝန်ကို အစဉ်အဆက်ထမ်းဆောင်တော်မူခဲ့ကြပြီး အသီးသီး တာဝန်ကျေပွန်တော်မူသွားခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယခုအခါ လစ်လပ်လျက်ရှိနေသည့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော် ရွေးချယ်တင်မြှောက်ရန်အတွက် ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း။

အလေးအနက်ထား

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်ကို ရွေးချယ်ပေးတော်မူရန်ကိစ္စမှာ သာသနာတော်မြတ်ကြီးအတွက် အလွန်အရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်ပါကြောင်း၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီးအောက်တွင်ရှိသော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်နှင့် နိုင်ငံတော်တစ်ဝန်းလုံး ငါးသိန်းကျော်မျှရှိသော ရဟန်း၊ သာမဏေ၊ သီလရှင်များအတွက်လည်းကောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ဗုဒ္ဓဘာသာဝင် ပြည်သူ၊ ပြည်သားဒါယကာ၊ ဒါယိကာမများအတွက်လည်းကောင်း အလေးအနက်ထား ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်လည်း ဖြစ်ပါကြောင်း။

"သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ" အပိုင်း ၂၊ အခန်း(၄) အပိုဒ် (၂၁) တွင် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်၏ အရည်အချင်းများကို ဖော်ပြထားရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့၏ ဥက္ကဋ္ဌဆရာတော်သည် အပိုဒ်(၁၇)ပါ ဂုဏ်အင်္ဂါအရည်အချင်းများနှင့် ပြည့်စုံရမည့်အပြင် အပိုဒ် ၂၁၊ အပိုဒ်-၁၃လာ ဂုဏ်အင်္ဂါ အရည်အချင်းများနှင့်လည်း ပြည့်စုံရမည်ဟု ဖော်ပြထားပါကြောင်း၊ ယင်းဖော်ပြချက်အရ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ အရည်အချင်းများမှာ - သံဃ သမ္မုတိရသံဃာ့ကိုယ်စားလှယ်၏အရည်အချင်းများ (အပိုဒ်-၁၃)၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၏ အရည်အချင်းများ (အပိုဒ်-၁၇)၊ နိုင်ငံတော် ဗဟိုသံဃာ့ ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၏ အရည်အချင်းများ (အပိုဒ်- ၂၁)ဟူ၍ ကျယ်ပြန့်လှသော ဂုဏ်အင်္ဂါ အရည်အချင်းအားလုံးနှင့် ပြည့်စုံရမည်ဖြစ်ပါကြောင်း။

လျှောက်ထား

ဤသို့လျှင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသည် မြတ်စွာဘုရားရှင် ပညတ်ဟောကြားထားတော်မူသော ဝိနည်းတရားတော်များ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းများနှင့်အညီ အဖွဲ့အစည်းအတွင်း သံဃာထုအတွင်း မိမိတို့အားလုံး၏ ကျောက်ထီးတန္တ အလေးဂရုပြုကြရမည့် ဥက္ကဋ္ဌ ဆရာတော်ကို ကာယသာမဂ္ဂီ၊ စိတ္တသာမဂ္ဂီမျှညီစွာဖြင့် အလေးအနက်ထား ရွေးချယ်တင်မြှောက်ပေးတော်မူကြပါရန် ရိုသေလေးမြတ်စွာ ပန်ကြားလျှောက်ထားအပ်ပါကြောင်း၊ ဆရာနှင့်ဒကာ ညီညာပေါင်းစပ် ကုသိုလ်စေတနာ အရပ်ရပ်တို့ကြောင့် နိုင်ငံတော်ကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေ၊ သာသနာတော်မြတ်ကြီး အဓွန့်ရှည်စွာ သန့်ရှင်းတည်တံ့ ပြန့်ပွားထွန်းကားပါစေဟူ၍ တောင်းဆုပတ္ထနာ ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ယင်းနောက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အပါး(၃၀)တို့၏ ဘွဲ့အမည်စာရင်းကို အခမ်းအနားမှူး ဆရာတော်ကတင်သွင်း၍ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များ၏ ဆန္ဒကိုရယူကာ သဘာပတိ ဆရာတော်က အတည်ပြုကြောင်း ကြေညာတော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော် ရွေးချယ်တင်မြှောက်ရန်အတွက် ဥက္ကဋ္ဌ မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသာသနာဘိဝံသနှင့် အကျိုးတော်ဆောင် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်နိုင်ငံတော် သြဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိစာရ ဆရာတော်တို့ပါဝင်သည့် အစားထိုးရွေးချယ်ပွဲ ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းမိန့်ကို အခမ်းအနားမှူး ဆရာတော်က ဖတ်ကြားလျှောက်ထားပြီး ကြီးကြပ်ရေးအဖွဲ့အား အခမ်းအနားကို လွှဲအပ်သည်။

ယင်းနောက် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသက အဖွင့်သြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌဆရာတော်အဖြစ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဇန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသအား နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဝိမလာရာမနတ်ညွန်းကျောင်းတိုက်ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလက အဆိုတင်သွင်းတော်မူပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့ ပန်းတောကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလာစာရနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် စစ်ကိုင်းတိုင်း ချောင်းဦးမြို့ ဇေယျာရန်နိုင်ကျောင်းဆရာတော် ဘဒ္ဒန္တဥေယျာနန္ဒတို့က အဆိုကို ထောက်ခံတော်မူကြသည်။

အတည်ပြု

ယင်းနောက် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ သဘာပတိ ဆရာတော်က သံဃဆန္ဒကိုရယူတော်မူပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ် ဇန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား အတည်ပြုကြောင်း ကြေညာတော်မူသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဇန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အဖြစ် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိအား အမည်စာရင်း တင်သွင်းတော်မူသည်။

စာမျက်နှာ ၆ ကော်လံ ၁

ဆဋ္ဌအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။ (သတင်းစဉ်)

၂၇ ဦးသေဆုံးသည့် အီရန်ဗုံးခွဲတိုက်ခိုက်မှု ကုလအတွင်းရေးမှူးချုပ် ပြစ်တင်ရှုတ်ချ

ဂျီနီဗာ ဇူလိုင် ၁၈

အနည်းဆုံး ၂၇ ဦးသေဆုံးစေသည့် အီရန်နိုင်ငံအရှေ့တောင်ပိုင်း ဗုံးခွဲတိုက်ခိုက်မှုကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြစ်တင်ရှုတ်ချလိုက်သည်။

သဝဏ်လွှာပါး

သေဆုံးသူများ၏ ကျန်ရစ်သူ မိသားစုများ၊ အီရန်အစိုးရနှင့် အီရန်ပြည်သူများ ထံသို့လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဝမ်းနည်းကြောင်း သဝဏ်လွှာ ပါးလိုက်သည်ဟုဆိုသည်။

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ဇာဟီဒန်မြို့၌ ဇူလိုင် ၁၆ရက်က ဗုံးနှစ်လုံး ဖောက်ခွဲတိုက်ခိုက်မှုတွင် ၂၇ဦး သေဆုံးပြီး အနည်းဆုံး ၃၀၀ ဒဏ်ရာရရှိခဲ့သည်။

(အင်တာနက်)

ကမ္ဘာ့ပြည်သူသုံးပုံနှစ်ပုံ ဗီတာမင်ဒီ ချို့တဲ့နေကြောင်း တွေ့ရှိရ

လော့အိန်ဂျလိစ် ဇူလိုင် ၁၈

ကမ္ဘာ့ပြည်သူသုံးပုံနှစ်ပုံ ဗီတာမင်ဒီချို့တဲ့လျက်ရှိကြောင်း လေ့လာတွေ့ရှိရသည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြပါရှိသည်။ မြောက်အမေရိကတိုက်နှင့် အနောက်ဥရောပမှ ပြည်သူထက်ဝက်ခန့်မှာ ဗီတာမင်ဒီချို့တဲ့ပြီး ကမ္ဘာ့အခြားဒေသများမှ ပြည်သူများမှာ ပိုမိုဆိုးရွားကြောင်း ဗီတာမင်ဒီနှင့် စပ်လျဉ်း၍ နိုင်ငံတကာကျွမ်းကျင်သူနှင့် ကယ်လီဖိုးနီးယားတက္ကသိုလ် ဇီဝဓာတုနှင့်ဇီဝဆေးဝါးသိပ္ပံဂုဏ်ထူးဆောင် ပါမောက္ခအင်သိုနီနော်မန်က ပြောကြားလိုက်သည်။

ကမ္ဘာ့ပြည်သူသုံးပုံနှစ်ပုံတို့ ဗီတာမင်ဒီ ချို့တဲ့နေမှုကို ထောက်ရှုလျှင် ဗီတာမင်ဒီ ကြွယ်ဝသည့်အစာများကို စားရုံဖြင့် လူကြီးများအတွက် ယင်းပြဿနာဖြေရှင်းရန် မလုံလောက်တော့ကြောင်း အထင်အရှား ပြသနေသည်ဟု သုတေသီနော်မန်က ထောက်ပြသည်။

သုတေသနပြု

ငါး၊ ကြက်ဥနှင့် ငါးကြီးဆီကဲ့သို့သော အစားအစာအနည်းငယ်၌သာ ဗီတာမင်ဒီ တွေ့ရှိရသဖြင့် ထိုအစားအစာများအပြင် နွားနို့၊ လိမ္မော်ရည်၊ ဒိန်ချဉ်နှင့် အချို့ စသည်တို့ကို နံနက်စာကဲ့သို့သော အခြားအစားအစာများတွင် အားဖြည့်ပေးရမည်ဖြစ်သည်။ ပါမောက္ခ အင်သိုနီနော်မန်မှာ နှစ်ပေါင်း ၅၀ နီးပါး ဗီတာမင်ဒီကို သုတေသနပြုခဲ့သူဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**



အီသီယိုးပီးယား၌ သံအမတ်များ တရုတ်ဘာသာသင်ကြား

အဒစ်အာဘာဘာ ဇူလိုင် ၁၈

အီသီယိုးပီးယားနိုင်ငံ အဒစ်အာဘာဘာမြို့ ကွန်ဖြူးရှပ်တက္ကသိုလ်၌ အီသီယိုးပီးယား သံအမတ် ၂၃ဦး ပါဝင်တက်ရောက်သည့် တရုတ်ဘာသာသင်တန်းသည် ဇူလိုင် ၁၇ရက်က အောင်မြင်စွာ ပြီးဆုံးသွားပြီ ဖြစ်သည်။

ဆုချီးမြှင့်

အဆိုပါ သင်တန်းအောင်မြင်စွာ ပြီးဆုံးပြီး တက်ရောက်သူများအား အောင်လက်မှတ်များပေးအပ်ခြင်းနှင့် သင်တန်းသားများထဲမှ ထူးချွန်ဆုရရှိသူ ၁၀ဦးအား အထူးဆု ချီးမြှင့်ခဲ့သည်ဟု ဆင်ဟွာသတင်း၌ ဖော်ပြသည်။

ပြောကြား

တရုတ်နှင့် အီသီယိုးပီးယား နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးတူ ဆောင်ရွက်မှု အရှိန်အဟုန် မြင့်လာပြီဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီး ကူဆင်ဂျီက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ



ကမ္ဘာ့ရှေးအကျဆုံး အဆောက်အအုံ

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလီပိုမြို့ရှိ ကမ္ဘာ့ရှေးအကျဆုံး အဆောက်အအုံတစ်ခုသို့ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာကြစဉ်။

(အင်တာနက်ဓာတ်ပုံ)

စင်ကာပူ၌ မိုးသည်းထန်ပြီး ရေလွှမ်း

စင်ကာပူ ဇူလိုင် ၁၈

စင်ကာပူနိုင်ငံအရှေ့ပိုင်း၌ ဇူလိုင် ၁၈ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း စင်ကာပူအရာရှိများက ပြောကြားသည်။

ပထမဆုံး

စင်ကာပူနိုင်ငံတွင် ယခုကဲ့သို့ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုမှာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်ပြီး အဆိုးရွားဆုံးဖြစ်ကြောင်း၊ စင်ကာပူမြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

နေစွမ်းအင်သုံး လေယာဉ်

ဗြိတိန်ပညာရှင်များ တည်ဆောက်နေသော နေစွမ်းအင်သုံး လေယာဉ်တစ်စင်းကို လန်ဒန်မြို့၌ ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အက်စ်ကန်ဒါ တာတိုပစ် ဒုံးကျည်များ ရုရှား အနောက်မြောက်ပိုင်းနယ်စပ်၌ ဖြန့်ချထား

မော်စကို ဇူလိုင် ၁၈

ရုရှားအစိုးရသည် ပထမဦးဆုံး အက်စ်ကန်ဒါ တာတိုပစ် ဒုံးကျည်များကို လီနီဂရက်ခရိုင် အနောက်မြောက်ဘက်၌ ဖြန့်ချထားမည်ဖြစ်ကြောင်း မြေပြင်အခြေစိုက်တပ်မှ တပ်မှူးက ဇူလိုင် ၁၇ရက်၌ ပြောကြားသည်။

ပထမဆုံး

ရုရှားနိုင်ငံ အနောက်မြောက်ပိုင်းနယ်စပ်၌ ယင်းဒုံးကျည်များကို ဖြန့်ချထားခြင်းမှာ ပထမဆုံးဖြစ်သည်။

ပြောကြား

ပိုလန်နိုင်ငံတွင် အမေရိကန်တို့က ဒုံးကျည်များ ဖြန့်ချထားခြင်းနှင့် မိမိတို့ဒုံးကျည်ဖြန့်ချမှုမှာ ဆက်စပ်မှု မရှိကြောင်း၊ ရုရှားစစ်တပ်ကို ပြန်လည် အင်အားဖြည့်ဆည်းခြင်းဖြစ်ကြောင်း ၎င်းတပ်မှူးက ပြောကြားသည်။

ထပ်မံဖြည့်စွက်

အမေရိကန် ဒုံးကျည်များသည် ပိုလန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် မေလကတည်းက ဖြန့်ချထားခြင်း ဖြစ်သည်။ ၎င်းဒုံးကျည်များကို အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ကျော်က တာဝန်ယူထားသည်။ ရုရှားတပ်ဖွဲ့အား ၂၀၁၂ခုနှစ် နောက်ပိုင်းတွင် အက်စ်အမ်-သရီးတိုက်ပွဲဝင် ဒုံးကျည်များဖြင့် ထပ်မံဖြည့်စွက်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဟူအောရေတံခွန်

တရုတ်နိုင်ငံ ရှန်စီပြည်နယ်ရှိ မြစ်ဝါမြစ်အနီး ဟူအောရေတံခွန်၏ လှပမှုကို ဤသို့ တွေ့ရသည်။

(အင်တာနက်ဓာတ်ပုံ)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

အီရန်ဗုံးခွဲတိုက်ခိုက်မှု လူ ၄၀ဖမ်းဆီး

အီရန်နိုင်ငံ ဇာဟီဒန်မြို့တွင် ဇူလိုင် ၁၇ရက်က ဗုံးခွဲတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သံသယရှိသူ ၄၀ကို အီရန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ကြောင်း အီရန် ရဲတပ်ဖွဲ့က ဇူလိုင် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

ရိုမေးနီးယား၌ လေကြောင်းပြပွဲကျင်းပ

ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တွင် ဇူလိုင် ၁၈ရက်က လေကြောင်းပြပွဲ ကျင်းပခဲ့ရာ ရဟတ်ယာဉ်အစင်း ၆၀ကျော် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း၊ စစ်ဘက်နှင့် အရပ်ဘက်သုံး လေယာဉ်များလည်း ပါဝင်ကြောင်း ရိုမေးနီးယားအရာရှိများက ဇူလိုင် ၁၈ရက်၌ ပြောကြားသည်။

တရုတ်အနောက်မြောက်ပိုင်း၌ မိုင်းတွင်းမီးလောင်

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်စီပြည်နယ် ဟန်ချုန်မြို့အနီး ကျောက်မီးသွေးမိုင်းတွင်း၌ ဇူလိုင် ၁၈ရက်က မြေအောက်လျှပ်စစ်ကြိုးမှတစ်ဆင့် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ မိုင်းလုပ်သား ၂၈ ဦးသေဆုံးခဲ့ကြောင်း ဟန်ချုန်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

အလာစကာ ပြည်နယ်ကမ်းလွန်၌ အင်အားပြင်း ငလျင်လှုပ်

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်ကမ်းလွန်တွင် ဇူလိုင် ၁၈ရက် နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၇ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ဆူနာမီသတိပေးချက် ထုတ်ပြန်ခြင်းမရှိကြောင်း အမေရိကန် မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။

ဗီယက်နမ်၌ မုန်တိုင်းဝင်ရောက်တိုက်ခတ်

ဗီယက်နမ်နိုင်ငံ ဟိုင်ဖွန်မြို့မြောက်ပိုင်း ဒိုဆန်ကမ်းခြေဒေသသို့ ဇူလိုင် ၁၈ရက် နံနက်က ကွန်ဆန်မုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ ဒေသခံရှစ်ဦးပျောက်ဆုံးပြီး နေအိမ်အဆောက်အအုံအချို့ပျက်စီးခဲ့ကြောင်း၊ ကမ်းခြေသို့ ကြီးမားသောရေလှိုင်းကြီးများ ရိုက်ခတ်ခဲ့ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။ *(အောက်ပုံ)*

ရေနံဈေးနှုန်း ကူဝိတ်ထိန်းညှိထားမည်

ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းမတည်မငြိမ်ဖြစ်နေမှုကို ထိန်းသိမ်းရန် ကူဝိတ်နိုင်ငံက ရေနံထုတ်လုပ်မှုကို ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရေနံစိမ်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၀ ခန့်သာရှိနေစေရန် ကြိုးစားသွားမည်ဟု ကူဝိတ်စွမ်းအင်ရေးရာဝန်ကြီးဌာနက ဇူလိုင် ၁၈ရက်၌ သတင်းထုတ်ပြန်သည်။

အကြမ်းဖက်မှုကာကွယ်ရန် မလေးရှား၌ လုံခြုံရေးတိုးမြှင့်မည်

မလေးရှားနိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်မှုမှ ကာကွယ်တားဆီးရန် လုံခြုံရေးအင်အား တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းများကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း မလေးရှားအရာရှိများက ဇူလိုင် ၁၈ရက်၌ ပြောကြားသည်။

ဂျက်တိုက်လေယာဉ်များ ကနေဒါ ဝယ်ယူမည်

ကနေဒါနိုင်ငံ လေတပ်အင်အားကို မြှင့်တင်သည့်အနေဖြင့် အက်ဖ်-၃၅ ဂျက်တိုက်လေယာဉ် ၆၅စင်းကို အမေရိကန်ဒေါ်လာ ကိုးဘီလီယံခန့် အကုန်အကျခံကာ ဝယ်ယူဖြည့်ဆည်းမည်ဖြစ်ကြောင်း ကနေဒါ ကာကွယ်ရေးဝန်ကြီး ပီတာမက်ကေးက ဇူလိုင် ၁၈ ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံ ချုံကျင်းစီရင်စု၌ ရေလွှမ်း

တရုတ်နိုင်ငံ ချုံကျင်းစီရင်စုတွင် ဇူလိုင် ၁၈ရက် နံနက်က မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ နေအိမ်အများအပြား ရေနစ်မြုပ်ခဲ့ကြောင်း ဒေသခံများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ။ ***(အင်တာနက်)***

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ပဲခူးမြို့ ရွှေဝါထွန်းခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား အမှာစကားပြောကြားစဉ်။

(ဘဏ္ဍာ/အခွန်)

လုပ်ငန်းတာဝန်များကို တိကျမှန်ကန်စွာ အလေးထားဆောင်ရွက်ရေး ဘဏ္ဍာ/အခွန် ဝန်ကြီးဦးလှထွန်း ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းသည် ဇူလိုင်၁၆ရက် ညနေပိုင်းက ပဲခူးမြို့ ရွှေဝါထွန်းခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအားတွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ခံများက ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

အကျယ်တဝင့်မှာကြား

ထို့နောက် ဝန်ကြီးဦးလှထွန်းက လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထားဆောင်ရွက်ကြရန်၊ ဌာနတာဝန်ခံများအနေဖြင့် ဌာနအလိုက် ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း စသည်ဖြင့် အကျယ်တဝင့်မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် ပဲခူးတိုင်း မြန်မာ့စီးပွားရေးဘဏ်၏ ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပဲခူးတိုင်း ရဲတပ်ဖွဲ့လုပ်ငန်း ညှိနှိုင်းစည်းဝေး တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၁၈

ပဲခူးတိုင်း ရဲတပ်ဖွဲ့လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင်၁၃ရက် နံနက်ပိုင်းက ပဲခူးမြို့ တိုင်းရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တိုင်းရဲတပ်ဖွဲ့မှူးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ပဲခူးတိုင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ပဲခူးတိုင်း(အရှေ့ပိုင်း) သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးက ပဲခူးတိုင်းအတွင်း ပုဂ္ဂလိကသစ်တောစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ တွံတေးမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၁ရက် နံနက် ၈နာရီက တွံတေးမြို့နယ် ခလောက်ချိုက် ကျေးရွာ တွံတေး-လှိုင်သာယာ ကားလမ်းမကြီးဘေး၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သာဇံနှင့် အဖွဲ့ဝင်များ၊ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန် တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးတင်ထူး၊ ခရိုင်သစ်တောဦးစီးဌာနမှူးဦးမြင့်သိန်းခိုင်နှင့် ဆည်မြောင်းဦးစီးဌာနမှ ဦးစိုးထွန်းအောင်တို့က ရတနာတန်းဝင် အပင်များဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ယူကလစ်ပင်များအား စတင်စိုက်ပျိုးပေးပြီး အခမ်းအနားသို့ တက်ရောက်သူများက ပျိုးပင်ပေါင်း ၂၅၀၀ ကျော်ကို တပျော်တပါး စိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**ယနေ့အထိ တွံတေးမြို့နယ်တွင် ပျိုးပင်ပေါင်း ၉၀၀၀ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မူးခင်းကျဆင်းရေး အသိပညာပေး ဟောပြော

ရန်ကုန် ဇူလိုင် ၁၈

မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေး၊ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၉နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း သပြေဆောင်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၃၀၀ခန့် တက်ရောက်ကြပြီး မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဇော် (ဦးခင်ဇော်-မရမ်းကုန်း)က အမှာစကားပြောကြားသည်။

ဟောပြော

မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း၊ မြို့နယ်ဂီတအစည်းအရုံး ဥက္ကဋ္ဌ သမိုင်း ကိုကိုလှိုင်၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နာယက ဦးကျော်စိုး (မောင်ကျေးရူး) တို့က ပညာပေးဟောပြောကြသည်။ **(၁၁၁)**

အစိုးရအဖွဲ့ရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ

နေပြည်တော် ဇူလိုင် ၁၈

အစိုးရအဖွဲ့ရုံး ၂၀၁၀ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၇ရက် နံနက်၈နာရီက နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ပရိဝုဏ်အတွင်း သတ်မှတ်နေရာ၌ကျင်းပရာ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်နေရာ၌ မဟော်ဂနီပင်ကို စတင်စိုက်ပျိုးပေးပြီး အရာထမ်း၊အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုများ စုပေါင်း သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

စိုက်ပျိုး

အဆိုပါ အစိုးရအဖွဲ့ရုံး မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ စိန်တစ်လုံး သရက်နှင့် သီးပင်စားပင် ပျိုးပင်ပေါင်း ၁၄၂၀ကို စိုက်ပျိုးခဲ့သည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တာချီလိတ်တွင် ပညာပေးဟောပြော

တာချီလိတ် ဇူလိုင် ၁၈

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ခရိုင်ရုံးမှ ဦးစီး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဇူလိုင် ၁၆ရက် နံနက် ၁၀နာရီက အဆိုပါရုံး၌ ကျင်းပရာ ယာဉ်မောင်းလိုင်စင် စာမေးပွဲဖြေဆိုကြမည့်သူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ခရိုင်ဦးစီးမှူး ဦးအောင်သန်း၊ စစ်ဆေးရေးမှူး(၃) ဦးအောင်မိုး၊ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာများကို ပညာပေး ဟောပြောကြက**(အောက်ပုံ)** ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးစာစောင်များ၊ ယာဉ်မောင်းသူလက်စွဲစာစောင်များကို ဖြန့်ဝေပေးကြကြောင်း သိရသည်။ **(၀၁၆)**

ပညာရေးဆိုင်ရာ သတင်းအချက်အလက်ပြပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

ပညာရေးအရင်းအမြစ် ကဏ္ဍအား အထောက်အပံ့ပြုနိုင်စေမည့် ပညာရေးဆိုင်ရာ သတင်းအချက်အလက်ပြပွဲကို ဇူလိုင်၂၁ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် မြန်မာ့ခန်းမ၌ နံနက်၁၀နာရီမှ ညနေ၆နာရီအထိ ခင်းကျင်းပြသသွားမည် ဖြစ်သည်။

ယင်းပညာရေး သတင်းအချက်အလက်ပြပွဲတွင် လာရောက်ကြည့်ရှုလေ့လာသူ ကျောင်းသားလူငယ်နှင့် မိဘများအတွက် အထောက်အကူဖြစ်စေရန်နှင့် ဗဟုသုတ တိုးပွားစေရန် အဆင့်မြင့် IT နည်းပညာသင်တန်း ဖွင့်လှစ်သင်ကြားပေးနေသည့် Myanmar World Wide Institute ၏ ပြခန်း၊ လွယ်ဟိန်းကုမ္ပဏီမှ ထုတ်လုပ်သည့် Blue Mountain ပစ္စည်းမိတ်ဆက်ပြခန်း၊ နိုင်ငံတကာစာအုပ်စတိုးဖြစ်သည့် Popular စာအုပ်ဆိုင်ပြခန်း၊ Technoland ကွန်ပျူတာပစ္စည်းအရောင်းပြခန်းများနှင့် Navitas' ပညာရေးကွန်ရက် အဖွဲ့အစည်းနှင့် ချိတ်ဆက်ထားသည့် နိုင်ငံများမှ တက္ကသိုလ်များက လာရောက်ပြသကြမည်ဖြစ်သည်။

ပြပွဲနှင့် ယှဉ်တွဲ၍ ဟောပြောပွဲများ၊ ပညာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးမည် ဖြစ်သည်။

AT & S ကုမ္ပဏီနှင့် Navitas' တို့က ပံ့ပိုးဆောင်ရွက်မှုဖြင့် ဤပြပွဲကို ခင်းကျင်းပြသခြင်းဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက AT & S ကုမ္ပဏီ အဆောင်(၅) အခန်း(၄) မြန်မာအင်ဖိုတက်ခ်ဝင်း ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅နှင့် ၀၉-၅၀၆၂၁၇၁ တို့သို့ ဆက်သွယ်စုံစမ်းပြီး စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဇူလိုင် ၁၈

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၂၇)၌ အာဇာနည်နေ့မမေ့ (၆၃)နှစ်မြောက် အာဇာနည်နေ့အထူးဆောင်းပါးနှင့်အတူ ငါးသိန်းတန်ဖုန်းများ ရန်ကုန်မြို့တွင်း နေရာမရွေး ယူဆောင်ပြောနိုင်ပြီ၊ မော်စံပြကျေးရွာ ပတ်ဝန်းကျင်ရှိ ဝက်များတွင် ထူးဆန်းသောရောဂါဖြစ်ပွားနေ၊ စက်သုံးဆီ အရောင်းဆိုင်များ၌ တာဝန်ထမ်းဆောင်ခဲ့သူဝန်ထမ်းများကို ပင်စင်ပေးရန် ဆန္ဒသဘောထားတောင်းခံ၊ သင်္ဘောပေါက်ကွဲမှုကြောင့် ပျောက်ဆုံးမြန်မာသင်္ဘောသားကို ရှာဖွေမှုရပ်ဆိုင်း၊ ဒုတိယကမ္ဘာစစ်အတွင်း နစ်မြုပ်သင်္ဘောကို အကောင်းပကတိ ဆယ်ယူနိုင်ခဲ့၊ အောင်ဘာလေထီ လိမ်လည်ရောင်းချမှုများ ထပ်မံပေါ်ပေါက်နေ၊ မြန်မာ့အိမ်ခြံမြေနှင့် ရှေးဟောင်းအမွေအနှစ် လုပ်ငန်းများတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံလို၊ စင်ကာပူ ယာဉ်မောင်းလိုင်စင်ရရှိမည့် အကြိုသင်တန်း မြန်မာနိုင်ငံတွင် ဖွင့်မည်၊ မြန်မာ့ကြက်ဆူစေ့များ ဂျပန်ကုမ္ပဏီက စတင်ဝယ်ယူ၊ ရောဝတီကျေးရွာတချို့သို့ ဒီရေတောမှ လျှပ်စစ်မီးပေးနိုင်ရန်စီစဉ်၊ ကြွက်များဝင်ရောက်ဖျက်ဆီးသဖြင့် ပဲခူးရိုးမရှိစိုက်ခင်းများ ပျက်စီးခဲ့ရ၊ ရာသီဥတုပြောင်းလဲလာမှုက ပြည်တွင်းရှိ ရှားပါးတိရစ္ဆာန်များအတွက် အန္တရာယ်ဖြစ်လာ၊ မြန်မာခရီးသွားများ ဗီယက်နမ်သို့ ဈေးနှုန်းသက်သာစွာဖြင့် သွားရောက်လည်ပတ်နိုင် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ ရှားပါးမျိုးနွယ် လင်းပိုင်တစ်ကောင် ကမ်းခြေတွင် လာရောက်သေဆုံး Myanmar Discovery*၊ ဆရာဘုန်းလူလှ၏ နိုင်ငံရေးသဘောတရားများ* Political Column*၊ အောင်မြင်ရေး စိတ်ဓာတ်သာ မခိုင်မာရင် ဘာပဲလုပ်လုပ် ပျက်စီးသွားမယ် သူ့ဘဝသူ့ဒဿန၊ စေတနာပါလျှင် ပညာသာမည်၊ နေ့လယ်နှင့်နေ့လည်၊ ကျူရှင်နှင့်ကျွန်တော့်အမြင် ကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။*

ကိုယ်ကျိုးမငဲ့တဲ့သူနဲ့တစ်ကိုယ်ကောင်းဆန်တဲ့သူ အတူတူပဲ စီးပွားရေးပညာရှင် ဂျွန်ဟွီဇင်ဂါနှင့် Straits Times *သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ဘောလုံးအားကစားမှာ နိုင်ငံရေးဝင်ကစားနေပြီလား၊ ပါကစ္စတန်ဝန်ကြီးချုပ်က အစ္စလာမ္မစ်အုပ်စုအား ချေမှုန်းရန် အမိန့်ထုတ်ပြန်၊ စီအင်န်အင်န် အယ်ဒီတာတစ်ဦး* Twitter *သဘောထား ထုတ်ဖော်ရေးသားမှုအတွက် အလုပ်ဖြုတ်ခံရ၊ ဂိမ်းစ်ဘွန်းဇာတ်ကားထဲက မိုးပျံကားတွေ အပြင်မှာ တကယ်စီးရတော့မယ်၊ ကမ္ဘာ့ရုပ်အဆိုးဆုံးနှင့် ရုပ်အချောဆုံးဘောလုံးသမားရွေးချယ်၊ ညစ်ညမ်းပြက်လုံးပါသော ရုပ်မြင်သံကြားအစီအစဉ်များကို တရုတ်အစိုးရက ချေမှုန်းမည် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့်* e-Empire Media House *မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။* ***(သတင်းစဉ်)***

စာမျက်နှာ ၃ မှ

ဆက်လက်၍ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ သဘာပတိဆရာတော်က သံဃ ဆန္ဒရယူပြီး အတည်ပြုကြောင်း ကြေညာတော်မူကာ နိဂုံးချုပ် သြဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် အစည်းအဝေး သဘာပတိဆရာတော် ဘဒ္ဒန္တဂုဏသနက နိဂုံးချုပ် ဥယျောဇနကထာကို မြွက်ကြားတော်မူပြီး ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များက ''ဇယန္တော ဗောဓိယာမူလေ'' အစချီ အောင်ဂါထာတော်ကို သုံးကြိမ်ရွတ်ဆိုတော်မူကာ ''သာဓု'' သုံးကြိမ် ခေါ်ဆိုတော်မူကြလျက် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသော ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များအား တစ်နေ့တာ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များကို (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)-ဒေါက်တာဒေါ်တင်လင်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)-ဒေါ်ခင်နှင်းဝေ၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)-ဒေါ်စန်းစန်းရီ၊ (ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို)-ဒေါ်ခင်လေးမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)-ဒေါ်မာလာတင့်နှင့် ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)-ဒေါ်နန်းခင်လှဝင်း မိသားစုတို့က ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Cho Byung-jae ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးလာရောက်တွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Cho Byung-jae သည် ယနေ့ နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး အသက် (၁၈)နှစ်နှင့် အောက် ဘတ်စကက်ဘောပြိုင်ပွဲစတင်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် အမျိုးသားတံခွန်စိုက် အမျိုးသား၊ အမျိုးသမီး အသက် (၁၈)နှစ်နှင့်အောက် ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ စတင်ကျင်းပသည်။ **(ယာပုံ)**

အနိုင်ရရှိ

ပြိုင်ပွဲ၏ အသက် (၁၈)နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် K.K.S အသင်းက A..team အသင်းကို ၅၈- ၄၅မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးအလွတ်တန်း ပတ်လည်ပြိုင်ပွဲတွင် အမှတ် (၁) စက်မှု (A)အသင်းက Precious အသင်း ကို ၉၄-၅၁မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားအလွတ်တန်း ပြိုင်ပွဲတွင် လယ်ယာ/ဆည်မြောင်းအသင်းက Drogue အသင်းကို ၁၃၂-၂၅မှတ်ဖြင့် လည်းကောင်း၊ D.G..H အသင်းက Joker အသင်းကို ၇၈-၆၁မှတ်ဖြင့် လည်းကောင်း၊ Fire Wolf(B) အသင်းက Fire Wolf (A) အသင်းကို ၇၄-၆၅မှတ်ဖြင့် လည်းကောင်း၊ကယားပြည်နယ် က Seaman အသင်းကို ၈၅ - ၅၆မှတ်ဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ပြိုင်ပွဲကို ဇူလိုင် ၁၉ရက် နံနက် ၈နာရီမှစ၍ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက် ကျင်းပမည်ဖြစ်ရာ အသက် (၁၈)နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် Venom အသင်းနှင့် Joker အသင်း၊ အမျိုးသမီးပတ်လည်ပြိုင်ပွဲတွင် ပြည်ထဲရေး အသင်းနှင့် လယ်ယာ/ဆည်မြောင်း အသင်း၊ အမျိုးသားပတ်လည်ပြိုင်ပွဲတွင် Joker အသင်းနှင့် Lion အသင်း၊ လယ်ယာ/ဆည်မြောင်းအသင်းနှင့် D.G.H အသင်း၊ ကယားပြည်နယ်နှင့် Furious အသင်း၊ Seaman အသင်းနှင့် Fire Wolf (B) အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၇-၂၀၁၀
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၅ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၅ ၅။ မျိုးချစ်တပ်မတော်
၄:၄၅ ၆။ စိုက်ပျိုးသုတ
၄:၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၄၀ ၁၂။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲကောင်း** (အပိုင်း-၃၂)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ Talk of the Town
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၂၁)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်
(ဥပုသ်နေ့)
၁၉-၇-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင့်၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၀ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၂၀ ၈။ **စိမ်းစိုလန်းဆန်းအံ့မခန်း ရတနာတန်းဝင်ကျွန်းသစ်ပင်**
၈:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပဒေသာ
၄:၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာမှုပညာအထူးပြု) (မြန်မာမှုပညာ)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၅၀ ၆။ အဆိုပြိုင်ပွဲ
၄:၅၅ ၇။ **ကလေးများအတွက် အကောင်းဆုံး** ရီဝေယံ၊ မင်းရာဇာ၊ ပန်းဖြူ နွဲ့နွဲ့စန်း၊ ဖြိုးသူရကျော် (ဒါရိုက်တာ-မင်းစိုးသီဟ)
၅:၁၀ ၈။ တေးဂီတအစီအစဉ်
၅:၂၀ ၉။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၁၀။ (၂၀၁၀)ကမ္ဘာ့ဖလား ချန်ပီယံစပိန်
၅:၄၀ ၁၁။ မှုဟန်သွယ်သွယ်ဆိုကြမယ်
၅:၅၀ ၁၂။ **မြေဆီစိုနိုက်သစ်ပင်စိုက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့**
၆:၀၀ ၁၃။ ညနေခင်းသတင်း
၆:၁၅ ၁၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၅။ ဆိုကြမယ်၊ ပျော်ကြမယ်
၇:၀၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **တို့အတူရှိစဉ်တုန်းက** (ဇာတ်သိမ်းပိုင်း)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ ပြည်ထောင်စုခရီးရှည် ရာဇာဝင်းတင့်၊ သက်မှူးဟေသီ (တေးရေး-မောင်မောင်ဇော်ဝင်း)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **အဆိပ်သင့်တဲ့အချစ် (ဒုတိယတွဲ)** (အပိုင်း-၁၀)
၂၂။ သုခုမရင်ပြင်
၂၃။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်းတရားတော်

မုတ်သုံလေ အားကောင်းဖွယ်ရှိ

နေပြည်တော် ဇူလိုင် ၁၈

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင် တုံကင်ပင်လယ်ကွေ့တွင်ဖြစ်ပေါ်ခဲ့သော အပူပိုင်းမုန်တိုင်းကွန်ဆွန်သည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

ဇူလိုင် ၁၉ရက်ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့် မန္တလေးအနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့လှူဒါန်းပွဲကို ဇူလိုင် ၁၇ရက်က ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တိုင်းဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်ထောက်ပံ့စဉ်။ (၁၃၅)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၇-၂၀၁၀

မချမ်းဘောမြို့	၃ ဒသမ ၇၈	လက်မ
ဟုမ္မလင်းမြို့	၂ ဒသမ ၉၆	လက်မ
မိုးကုတ်မြို့	၂ ဒသမ ၇၀	လက်မ
ချောင်းဆုံမြို့	၂ ဒသမ ၅၂	လက်မ
ကော့သောင်းမြို့	၂ ဒသမ ၁၂	လက်မ
ဗန်းမော်မြို့	၁ ဒသမ ၇၀	လက်မ

နေပြည်တော်ခရိုင်အတွင်း သစ်တောစိုက်ခင်းများ
ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဝင်းနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် အောက်ဆင်သေကြိုးပိုင်းရှိ ၂၀၁၀ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၀၀ သို့ ရောက်ရှိရာ သစ်တောဦးစီးဌာန မန္တလေးတိုင်းညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ကျွန်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု၊ အောက်ဆင်သေကြိုးပိုင်းအတွင်း ပုဂ္ဂလိကကျွန်းနှင့် သစ်မာစိုက်ခင်း ၁၁၃၅ဧက စိုက်ပျိုးနေမှု၊ လျှို့ပိတ်ဆည်တည်ဆောက်ရန် စီစဉ်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားကာ စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုနှင့် လျှို့ပိတ်ဆည် ပြုလုပ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဝန်ကြီးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ စိုက်ပျိုးထားသော ရမည်းသင်းမြို့နယ် ငှက်သိုက်ကျေးရွာ သစ်တောဦးစီးဌာန ကျေးလက်အိမ်ရာထူထောင်ရေး ကျေးရွာပိုင် စံပြသစ်တောစိုက်ခင်း သစ်မာတစ်ဧကနှင့် နေပြည်တော်တပ်ကုန်းမြို့နယ် အေးမွန်ကျေးရွာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကျေးလက်အိမ်ရာထူထောင်ရေး တစ်ရွာ သစ်မာ တစ်ဧက စံပြစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗန်းမော်ခရိုင်အတွင်း လမ်းပန်းဆက်သွယ်မှုနှင့် ဒေသဖွံ့ဖြိုးမှု
တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၉ရက်က မိုးမိတ် တပ်နယ်ခန်းမ၌ တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တိုင်းမှူးသည် ဇူလိုင် ၁၁ရက်က မခွယ်-သိမ်လုံကျေးရွာချင်းဆက်လမ်းပိုင်း လမ်းနှင့်တံတား ကြံ့ခိုင် ကောင်းမွန်မှုနှင့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း ရှင်သန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကုန်းနှော-မခွယ်လမ်းပိုင်း **(အပေါ်ပုံ)** လမ်းခင်းခြင်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိကာ တာဝန်ရှိသူတစ်ဦး၏ လုပ်ငန်းဆောင်ရွက်နေမှု ရှင်းလင်းတင်ပြချက်အပေါ် လိုအပ်သည်များ မှာကြားသည်။

တက်ရောက်

တိုင်းမှူးသည် ဇူလိုင် ၁၂ရက်က တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ကျင်းပသည့် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်း
ပုသိမ်မြို့နယ်၌ ဖွင့်ပွဲကျင်းပ

ပုသိမ် ဇူလိုင် ၁၈

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) သင်တန်းဖွင့်ပွဲအခမ်းအနားကို ပုသိမ်မြို့ အထက(၁)ရတနာတန်ဆောင်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဧရာဝတီတိုင်း တိုင်းပညာရေးမှူး ဦးဝင်းဆွေနှင့် ပုသိမ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပါစည်တို့က အမှာစကားပြောကြားပြီး မြို့နယ်အဆင့် ကျောင်းပြင်ပမူလတန်းပညာရေး ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ ခရိုင်ပညာရေးမှူး ဦးကြည်အောင် **(ယာပုံ)**က သင်တန်းဖွင့်လှစ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ပြောကြား

ဆက်လက်၍ လူမှုရေးအသင်းအဖွဲ့များက အလှူငွေကျပ်လေးသိန်း၊ တိုင်းပညာရေးမှူးနှင့် ပုသိမ်မြို့နယ်ပညာရေးမှူး ဝန်ထမ်းများက အလှူငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး အထက(၅)မှ အဋ္ဌမတန်းကျောင်းသူ မခင်သော်တင်ဇင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **(ခရိုင်ပြန်/ဆက်)**

စံပြစိုက်ခင်း

သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော် တပ်ကုန်းမြို့နယ် အေးမွန်ကျေးရွာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာန ကျေးလက်အိမ်ရာ ထူထောင်ရေး တစ်ရွာ သစ်မာ တစ်ဧက စံပြစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဖလား ချန်ပီယံဆုရှင် ခန့်မှန်းပြိုင်ပွဲ
ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

e. Trade Myanmar Co., Ltd. က ကြီးမှူး၍ ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံဆုရှင် ခန့်မှန်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်ခ် အခန်းအမှတ်(၂၀၅)၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ e. Trade Myanmar Co., Ltd. မှ Assistant General Manager ဒေါ်မေသော်တာစိုးက GSM မိုဘိုင်းလ်လက်ကိုင်ဖုန်းအသုံးပြု၍ SMS စနစ်ဖြင့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ချန်ပီယံဆုရှင် ခန့်မှန်းပြိုင်ပွဲတွင် ပထမဦးစွာ လက်ခံရရှိသော အဖြေမှန် SMS ၁၀၀မှ ကံထူးရှင်တစ်ဦးအား ရွေးချယ်၍ ဆုပေးပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းဆရာတစ်ဦးက ကံစမ်းမဲနှိုက်၍ ကံထူးရှင် တစ်ဦးအား ရွေးချယ်ပေးရာ e. Trade Myanmar Co., Ltd.မှ ဒါရိုက်တာ ဦးသက်မောင်မောင်လွင်က GSM လက်ကိုင်ဖုန်းအသုံးပြု၍ SMS စနစ်ဖြင့် ခန့်မှန်းသတင်းပို့သူ ကံထူးရှင် ဒေါက်တာသဉ္ဇာဝေ **(အောက်ပုံ)**အား ဂုဏ်ပြုဆု ငွေကျပ် ၁၀သိန်း ချီးမြှင့်သည်။ ယင်းနောက် Assistant General Manager ဒေါ်မေသော်တာစိုးက e.Trade Myanmar ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ဝန်ဆောင်မှုပေး

e.Trade Myanmar Co.,Ltd. သည် စီးပွားရေးဆိုင်ရာ SMS ဝန်ဆောင်မှုများ၊ Website ပြုလုပ်ပေးသည့် ဝန်ဆောင်မှုများနှင့် အခြား Mobile Value-added ဝန်ဆောင်မှုများကို ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်သည်။ ထို့အပြင် eTm SMS သည် ၂၀၀၅ခုနှစ် နိုဝင်ဘာလမှစတင်၍ SMS (သတင်းတိုပို့စနစ်)ဖြင့် GSM ဖုန်းများသို့ ကမ္ဘာ့ရွှေဈေး၊ မြန်မာ့ရွှေဈေးနှင့် နိုင်ငံတကာ ငွေလဲလှယ်နှုန်းထားများ၊ ဈေးကွက်အသီးသီးမှ လယ်ယာထွက်ကုန်များ၏ ဈေးနှုန်းများ၊ ဘောလုံးပွဲစဉ်များ၏ လူစာရင်းခန့်မှန်း၊ ခန့်မှန်းရလဒ်နှင့် ပွဲပြီးရလဒ်များကို မိုဘိုင်းလ်ဖုန်း (GSM) သုံးစွဲသူများသို့ အသင်းဝင်စနစ်ဖြင့် သတင်းအချက်အလက် ဝန်ဆောင်မှုပေးလျက်ရှိသည်။ **(သတင်းစဉ်)**

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များ ရေစီးရေလာကောင်းမွန်ရေးအတွက် ပြည်တော်သာလမ်း၊ ငုရွှေဝါလမ်းနှင့် ဗာဒံပင်လမ်းကြား ရေနုတ်မြောင်းတူးဖော်ခြင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသက်ထွန်းနှင့် လက်ထောက်အင်ဂျင်နီယာဦးထွန်းနိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင် အသင်းဝင်များ
ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ လေ့လာရန်ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ ဗဟိုအလုပ်အမှုဆောင် ဦးမင်းသိန်းဦးဆောင်၍ အလုပ်အမှုဆောင်များဖြစ်ကြသော ဦးညိုလေး၊ ဦးအောင်နိုင်၊ ဦးသိန်းထိုက်ဦးတို့ပါဝင်သော အဖွဲ့ဝင် ၁၆ဦးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းကမ္ဘာ့ကုန်စည်ပြပွဲ၌ ကြည့်ရှုလေ့လာရန် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပေကျင်းမြို့သို့ ထွက်ခွာရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးနေထွန်းမင်း၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူတို့က လိုက်ပါပို့ဆောင် နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

မြန်မာနိုင်ငံ မြောက်နှင့်တောင် လမ်းပန်းဆက်သွယ်မှုကို အရေးပါသည့် အခန်းကဏ္ဍမှ ထိထိရောက်ရောက် ထောက်ကူပံ့ပိုးဖော်ဆောင်ပေးနေသော သံလွင်တံတား (မော်လမြိုင်)။

* ***ရှေ့ဖုံးမှ***

လမ်းအများစုသည်လည်း အချိန်အခါမရွေး တိုးလျှိုပေါက် တောက်လျှောက် ဖြောင့်ဖြောင့်တန်းတန်း ကူးသန်းသွားလာနိုင်သော လမ်းများ မဟုတ်ခဲ့ပေ။

တည်ဆောက်နိုင်ခဲ့

ထိုစဉ်က ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ မြေသားလမ်း စုစုပေါင်း လမ်းမိုင် နှစ်သောင်းကျော်သာရှိခဲ့ပြီး စစ်တွေ-အမ်း-မင်းဘူး၊ ကော့သောင်း-ဘုတ်ပြင်း-ထားဝယ်-မော်လမြိုင်၊ တောင်ကုတ်-မအီ-ကျောက်ဖြူ၊ မုံရွာ-ခန္တီးစသည့် ပြည်ထောင်စုလမ်းမကြီးများ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပေါ်ထွန်းလာခဲ့သည်။

မင်းဘူး-ဆိပ်ဖြူ-ပခုက္ကူ-မုံရွာလမ်းနှင့် မင်းလှ-သရက်-ပြည်ကားလမ်းတို့ကို ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လမ်းမိုင် ခုနစ်သောင်းကျော်အထိ တိုးတက်လာခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ အဓိက မြစ်၊ ချောင်းများအပေါ်၌ လမ်းများကို ထမ်းပေးထားသော တံတားကြီးများကလည်း စီရရီ၊ လမ်းမကြီးများမှာလည်း တိုးလျှိုပေါက် တောက်လျှောက်

တိုးချဲ့ဆောင်ရွက်

နိုင်ငံတော်က လမ်း၊ တံတားသစ်များကို တစ်ကဏ္ဍပြီး တစ်ကဏ္ဍ၊ တစ်ပိုင်းပြီးတစ်ပိုင်း ဖွင့်လှစ်ပေးခဲ့သည်။ လမ်းနှင့် တံတားကဏ္ဍသစ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လတွင် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့) ၂၀မိုင် ၃ဖာလုံခရီးကို ကတ္တရာလမ်းအဖြစ် ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း(ကင်းသာ-ကိုးကွေ့) လမ်းပိုင်းကို ခရီးသည်တင် ဘတ်စ်ကားကြီးများ သွားလာနိုင်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ၂၀၀၉ ခုနှစ် ဩဂုတ် ၈ရက်မှစ၍ အကျယ် ၁၂ပေရှိ ကျောက်လမ်းမှ ၁၈ပေ အကျယ် ကတ္တရာလမ်းအဆင့်သို့ တိုးချဲ့မြှင့်တင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ၄င်းပြင် နေပြည်တော် ပျဉ်းမနား-ပင်လောင်းလမ်းပိုင်း မိုင်တိုင် ၄၂မိုင် ၆ဖာလုံတွင် ပေ ၁၇၆၀ ရှည်သော လိုင်းလီကြီးတံတားသစ် တစ်စင်း ထပ်မံ တည်ဆောက်လျက်ရှိသည်။ မူလက ယာဉ်တစ်စီးချင်း ၁၃တန် ခံနိုင်ဝန်ရှိသည့် နေရာတွင် ၇၅တန် ခံနိုင်ဝန်ရှိသော သံမဏိသံပေါင် ကြိုးတံတားတစ်စင်း တိုးချဲ့တည်ဆောက်ထားရာ မြန်မာနိုင်ငံရှိ တံတားများ အနက် အမြင့်ဆုံး၊ အထင်ရှားဆုံးနှင့် အထူးခြားဆုံးတံတားတစ်စင်း ဖြစ်လာမည်ဖြစ်သည်။ ဆက်လက်၍ ကျန်ရှိသည့် (ကိုးကွေ့-ပင်လောင်း)လမ်း ၄၉မိုင် ၇ဖာလုံအပိုင်းကို ကတ္တရာလမ်းအဆင့် အမြန်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

တိုးမြှင့်ဖောက်လုပ်

ယခုအခါ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆက်လက်ဖောက်လုပ်လျက်ရှိသည့် လမ်းများမှာ ပုသိမ်-မုံရွာလမ်းမကြီး ၄၅၀မိုင် ၅ဖာလုံ၊ တိုက်ကြီး - ဖောင်ကြီး - ပဲခူးလမ်း (တိုက်ကြီး - ၁၀မိုင်ကုန်းအပိုင်း) ၄၂မိုင် ၇ဖာလုံ၊ မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း ၁၄၃ မိုင် ၆ဖာလုံ၊ ကိုးပင်-သာဂရလမ်း ၉၆မိုင် ၃ဖာလုံ၊ မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း ၁၀၈မိုင် ၄ဖာလုံ၊ မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း ၉၁မိုင် ၄ဖာလုံ၊ ပြင်ဦးလွင်-မိုးကုတ်လမ်း ၉၇မိုင်၊ ကသာ-စင်းခန်းလမ်း ၆၅ မိုင်၊ မြစ်ကြီးနား - ဆွမ်ပရာဘွမ်-ပူတာအိုလမ်း ၂၁၈မိုင်၊ သင်္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း မိုင် ၃၃၀၊ နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း ၇၀မိုင် ၂ဖာလုံ၊ ရခိုင်ပြည်နယ်အတွင်း ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း ၂၂မိုင် ၆ဖာလုံ၊ မြေပုံ-မင်းပြားလမ်း ၂၄မိုင် ၇ဖာလုံ၊ ပေါက်တော-မင်းပြားလမ်း ၂၀မိုင် ၆ဖာလုံနှင့် ကျောက်တော်-ပလက်ဝလမ်း ၃၃မိုင် ၅ဖာလုံတို့ဖြစ်ပြီး ယင်းလမ်းများကို မြေသားဖောက်၊ အမာခံတင်၊ ကျောက်ခင်း၊ ကတ္တရာထပ်ပိုး၍ တိုးမြှင့်ဖောက်လုပ်ပေးလျက်ရှိသည်။

မြစ်ဧရာနဒီကြော တစ်လျှောက် မအူပင်၊ နဝဒေး၊ ဒေးဒရဲ၊ ဗိုလ်မြတ်ထွန်းဟူ၍ ဧရာဝတီမြစ်ကူးတံတားကြီးများ ပေါ်ထွန်းခဲ့သည်။ ဗလမင်းထင်၊ အနော်ရထာ၊ ဧရာဝတီ(မကွေး)နှင့် ရတနာပုံတံတား (မန္တလေး)တို့ကိုလည်း ထပ်ဆောင်းတည်ဆောက်ပေးထားသည်။

ချင်းတွင်းတွင် နှစ်စင်း၊ စစ်တောင်းတွင် သုံးစင်း၊ သံလွင်တွင် ငါးစင်းစသည့် တံတားသစ်ကြီးများအပါအဝင် လိုအပ်သည့်နေရာများ၌ တံတားကြီးငယ်များ ဖြည့်ဆည်းပေးထားသည်။

ဥဒဟိုခရီးပေါက်

တစ်ချိန်က တောတောင်၊ ပင်လယ်မြစ်ချောင်းများ စသည့်အတားအဆီးများရှိနေ၍ အနေနီးသော်လည်း ခရီးဝေးခဲ့ရသည့် ဒေသများသည်ပင် လမ်း၊ တံတားများ ကွန်ရက်ယှက်နွယ်ဖောက်လုပ်ပေးမှုကြောင့် နိုင်ငံ၏မြောက်ဘက်ဖျား ပူတာအိုမြို့မှ တောင်ဘက်ဖျား ကော့သောင်းမြို့အထိ လည်းကောင်း၊ အရှေ့ဘက်ဖျားကျိုင်းတုံမြို့မှ အနောက်ဘက်ဖျား စစ်တွေမြို့အထိ လည်းကောင်း ဥဒဟိုခရီးပေါက် သွားလာနိုင်နေပြီဖြစ်သည်။

လမ်း၊ တံတားများ ဖြစ်ထွန်းကြွံခိုင်လာခြင်းသည် ပြည်ထောင်စုလမ်းကွန်ရက်ကြီး တောင့်တင်းခိုင်မာစေခြင်းပင်ဖြစ်သည်။ လမ်း၊ တံတား

လမ်းပန်းဆက်သွယ်မှု ပိုမိုချောမွေ့လွယ်ကူစေရန် နှစ်လမ်းမောင်းကားလမ်းနှင့် မီးရထားလမ်းတစ်လမ်း ယှဉ်တွဲပါရှိသော ဧရာဝတီမြစ်ဖြတ် ဧရာဝတီတံတား(စင်းခန်း)ကို စစ်ကိုင်းတိုင်း ကသာခရိုင်၌ မြန်မာအင်ဂျင်နီယာများ စွမ်းပကားဖြင့် စက်ယန္တရားကြီးများ အသုံးပြုကာ ဤသို့ အားကြိုးမာန်တက် တည်ဆောက်လျက်ရှိသည်။

မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း ဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

ပေ ၁၈၀အထက်တံတား ၁၉၈စင်းနှင့် ပေ ၁၈၀အောက် တံတား ၃၃၀၅စင်းသာ တည်ဆောက်နိုင်ခဲ့သည်။

ထီးထီးမားမား

မျက်မှောက်ခေတ်၌ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်မှုက အံ့သြစရာ။ ကျယ်ဝန်းပြီး ညီညာပြန့်ပြူးစွာ ခင်းပေးထားသော ခြောက်လမ်းသွား၊ လေးလမ်းသွား လမ်းမကြီးများက ထီးထီးမားမား။ မန္တလေး-မြစ်ကြီးနား၊ မန္တလေး-ဗန်းမော်၊ မြစ်ကြီးနား-ပူတာအို၊ ဘားအံ-ဇာသပြင်-မော်လမြိုင်၊ တောင်ကြီး-ရှာင်-ဟံမြင့်မိုရ်၊ နေပြည်တော်ပျဉ်းမနား-ပင်လောင်း၊ လုပ်ပေးခဲ့သည်။ နတ်မောက်နှင့် မကွေး၊ မုံရွာနှင့် ကလေးဝ၊ တောင်ငူမှပြည်၊ နေပြည်တော်ပျဉ်းမနားမှသည် တောင်တွင်းကြီးအရောက် အရှေ့မှအနောက် ဖြတ်သန်းသည့် ကားလမ်းသစ်များ ဖြစ်ထွန်းလာခဲ့သည်။

တိုးတက်လာခဲ့

မျက်မှောက်ခေတ် လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို လေ့လာကြည့်လျှင် ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေသားလမ်း အပါအဝင် ဖြောင့်ဖြောင့်တန်းတန်း ကူးသန်းသွားလာနိုင်သော ဆယ့်နှစ်ရာသီသုံးလမ်းများဖြစ်ကြောင်း ဒေသခံတိုင်းရင်းသားပြည်သူများ အသိဆုံးပင်ဖြစ်သည်။ ယခင်က ညအိပ်ရက်ရှည် သွားလာရသော ကားလမ်းခရီးစဉ်များကို ယခု ချောမွေ့လျင်မြန်စွာ နေ့ချင်းပေါက် ခရီးနှင်နိုင်ခဲ့ပြီဖြစ်သည်။

တောင်တန်းများပေါ်သို့ မြွေလိမ်မြွေကောက် တက်သွားသော လမ်းအသွယ်သွယ်၊ မြစ်ကိုကျော် ချောင်းကိုဖြတ်၍ တွဲလွဲခိုထားသော မိုးပျံတံတားအစင်းစင်းက ၁၉၈၈ခုနှစ် ဟိုမှာဘက်ပိုင်းကာလနှင့် ယှဉ်ကြည့်လျှင် မယုံနိုင်စရာ အိပ်မက်သဖွယ်ဖြစ်နေပေလိမ့်မည်။

ပြည်နယ်နှင့် တိုင်းအသီးသီး၌ ၁၉၈၈ ခုနှစ်မတိုင်မီက လမ်းအရှည် ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုဆိုလျှင် ၂၁၃၆၁ မိုင် ၂ဖာလုံအထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့သည့်အတွက် ၇၇၂၆မိုင် ၂ဖာလုံ ထပ်မံတိုးပွားလာခဲ့သည်။ ထို့ပြင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် အခြားဝန်ကြီးဌာနများနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့မှ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လမ်းမိုင်အရှည် ၁၁၄၇မိုင် ၁ဖာလုံကို လွှဲပြောင်းပေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၁၀ခုနှစ် မတ်လတွင် ပြည်- ပေါက်ခေါင်း- တောင်ငူလမ်း ၁၂၅မိုင် ၁ဖာလုံ၊ မေလတွင် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်း ၉၆မိုင်၊

ပေါ်ထွန်းခဲ့သည်။ ဗလမင်းထင်၊ အနော်ရထာ၊ ဧရာဝတီ(မကွေး)နှင့် ရတနာပုံတံတား (မန္တလေး)တို့ကိုလည်း ထပ်ဆောင်းတည်ဆောက်ပေးထားသည်။

ချင်းတွင်းတွင် နှစ်စင်း၊ စစ်တောင်းတွင် သုံးစင်း၊ သံလွင်တွင် ငါးစင်း စသည့် တံတားသစ်ကြီးများအပါအဝင် လိုအပ်သည့်နေရာများ၌ တံတားကြီးငယ်များ ဖြည့်ဆည်းပေးထားသည်။

ဥဒဟိုခရီးပေါက်

တစ်ချိန်က တောတောင်၊ ပင်လယ်မြစ်ချောင်းများ စသည့်အတားအဆီးများရှိနေ၍ အနေနီးသော်လည်း ခရီးဝေးခဲ့ရသည့် ဒေသများသည်ပင် လမ်း၊ တံတားများ ကွန်ရက်ယှက်နွယ် ဖောက်လုပ်ပေးမှုကြောင့် နိုင်ငံ၏ မြောက်ဘက်ဖျား ပူတာအိုမြို့မှ တောင်ဘက်ဖျား ကော့သောင်းမြို့အထိ လည်းကောင်း၊ အရှေ့ဘက်ဖျား ကျိုင်းတုံမြို့မှ အနောက်ဘက်ဖျား စစ်တွေမြို့အထိ လည်းကောင်း ဥဒဟိုခရီးပေါက် သွားလာနိုင်နေပြီဖြစ်သည်။

ဧရာဝတီတိုင်းအတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရန်အတွက် တံတားများ တည်ဆောက်လျက်ရှိရာ ရာဇူဒိုင်တံတား အမှတ်(၁)၏ မော်လမြိုင်ကျွန်းဘက်ကမ်း၌ ဘိုးပိုင်တူးခြင်းလုပ်ငန်းနှင့် ရေလယ်တိုင်များ သံရက်မတင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဤသို့ တွေ့ရသည်။

များ တိုးချဲ့မြှင့်တင် တည်ဆောက်ပေးလျက်ရှိသည့်နည်းတူ ရထားလမ်းနှင့် တံတားများကိုလည်း နိုင်ငံတစ်ဝန်း ချိတ်ဆက်သွားလာစေရန် တိုးချဲ့မြှင့်တင် ဖောက်လုပ်ပေးခဲ့သည်။

အကျိုးဖြစ်ထွန်း

မကွေးတိုင်းကို ဗဟိုပြု၍ ပုသိမ်မှ ကြံခင်း-ပခုက္ကူ-ကလေးအထိ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများသို့ ရထားလမ်းတစ်ကြောင်းဖြာထွက်လာသည်။ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသော ဧရာဝတီမြစ်အနောက်ဘက်ခြမ်းဒေသများသည် မျက်မှောက်ခေတ်၌ အရှေ့ခြမ်းဒေသနှင့် အိမ်ဦးနှင့်ကြမ်းပြင် တစ်တန်းတည်း တည်ရှိလာကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများ ပိုမို အကျိုးဖြစ်ထွန်းလာသည်မှာ လက်တွေ့မျက်မြင်ပင်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် ငြိမ်းချမ်းရေးပင်ဖြစ်သည်။ နယ်မြေဒေသများ ငြိမ်းချမ်းမှုရရှိလာသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအလှများ ဝေဆာလာခဲ့ရပေသည်။

အလေးထားဖော်ဆောင်

နိုင်ငံတော် အစိုးရသည် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းသာယာ၍ တိုင်းရင်းသားလူမျိုးများ အားလုံး ဆူကြုံနိမ့်မြင့် ကွာဟချက်မရှိ တန်းတူညီတူ၊ သာတူညီမျှ ဖွံ့ဖြိုးတိုးတက်စေရန်ရည်မှန်းပြီး မွန်မြတ်သော သဘောထားစေတနာမှန်ဖြင့် အခြေခံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အလေးထား ဖော်ဆောင်ပေးနေခြင်း ဖြစ်သည်။

ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်ခြင်းနှင့် ငြိမ်းချမ်းခြင်း အကျိုးတရား၏ ထင်ရှားသော ရလဒ်မှတ်တိုင်များဟု ဆိုရမည်ဖြစ်သည်။ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသနေ ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသော ကဏ္ဍများ အရှိန်အဟုန် မြင့်လာခဲ့သည်။

တည်ဆောက်ဖွင့်လှစ်

အနာဂတ်တွင် နိုင်ငံဖွံ့ဖြိုးစည်ပင်

ရာဇူဒိုင်တံတား အမှတ်(၁)

ပေးလျက်ရှိသည်။ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၀၀နှင့် ပေ ၁၈၀ အကြား တံတားပေါင်း ၂၉၁၅စင်းနှင့် ပေ ၁၈၀အထက် တံတားကြီးအစင်း ၂၄၀အထိ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ယခုအခါ ဧရာဝတီမြစ်ကိုဖြတ်ကျော်၍ တံတားကြီး ငါးစင်း တည်ဆောက်လျက်ရှိရာတွင် နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်း ယှဉ်တွဲပါရှိသည့် တံတားကြီး လေးစင်းနှင့် နှစ်လမ်းသွား ကားလမ်းသာပါရှိသည့် မြစ်ကူးတံတားကြီး တစ်စင်းတို့ဖြစ်သည်။

ဧရာဝတီတံတား (ညောင်တုန်း)

ဧရာဝတီတံတား (ညောင်တုန်း)သည် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း အတွင်း သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက် ဧရာဝတီမြစ်ကို ညောင်တုန်းမြို့အနီးမှ ဖြတ်ကျော်၍ ရထားလမ်းနှင့် ကားလမ်း တစ်ပေါင်းတည်း ပါဝင်သော တံတားဖြစ်သည်။ နှစ်လမ်းမောင်း ကားလမ်းနှင့် ရထားလမ်းတစ်လမ်း ယှဉ်တွဲပါရှိပြီး တံတား၏ ကားလမ်းအရှည် ၉၃၈၂ပေနှင့် ရထားလမ်း ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ပြည်-အောင်လံ-တောင်တွင်းကြီး-မကွေး-ချောက် ရထားလမ်းတို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်သည်။ နှစ်လမ်းသွား ကားလမ်းနှင့် ရထားလမ်း တစ်လမ်း တစ်ပြိုင်တည်းပါရှိပြီး တံတား၏ ကားလမ်းအရှည် ၄၆၉၅ ပေနှင့် ရထားလမ်းအရှည် ပေ ၅၅၁၀ တို့ ဖြစ်သည်။

ဧရာဝတီမြစ်ကူးတံတား (ရတနာသိင်္ဃ)

စစ်ကိုင်းတိုင်းမှ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်သို့ တောက်လျှောက်ခရီးပေါက်နိုင်ရန် ၂၈၄၁ ပေနှင့် လေးလက်မရှည်သော နှစ်လမ်းမောင်း ဧရာဝတီမြစ်ကူး(ရတနာသိင်္ဃ) တံတား တစ်စင်းကို ဖွင့်လှစ်သွားမည် ဖြစ်သည်။

ဤတံတားကို အသုံးပြု၍ ဧရာဝတီမြစ် အရှေ့ဘက် မန္တလေး-မတ္တရာ-မိုးကုတ်လမ်းပေါ်ရှိ လက်ပံလှလမ်းခွဲမှ စဉ့်ကူးမြို့သို့လည်းကောင်း၊

ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)ကို တစ်ဆက်တစ်စပ်တည်း လူးလာခေါက်ပြန် သွားနိုင်စေရန် ပေါင်းကူးဆက်သွယ်ပေးထားသည့် ဒုဋ္ဌဝတီတံတား(နောင်ချို)၏ မြင်ကွင်းအလှ။

လမ်း၊ တံတားများ ဖြစ်ထွန်းကြွခိုင်လာခြင်းသည် ပြည်ထောင်စု လမ်းကွန်ရက်ကြီး တောင့်တင်းခိုင်မာစေခြင်းပင်ဖြစ်သည်။ လမ်း၊ တံတား

ကချင်ပြည်နယ်အတွင်း နိုင်ငံတော်အစိုးရက ဖောက်လုပ်ပေးထားသည့် ညီညာပြန့်ပြူးသော ပိုင်းမော်-ဗန်းမော်ကားလမ်းက လမ်းပန်းဆက်သွယ်မှုကို အဆင်ပြေချောမွေ့စေပြီး ဒေသခံ တိုင်းရင်းသားညီအစ်ကိုများ၏ လူမှုစီးပွားဘဝကို ပိုမိုဖွံ့ဖြိုးတိုးတက်စေခဲ့သည်။

နိုင်တော့မည်ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် ကူးသန်းရောင်းဝယ် ကုန်စည်ဖလှယ်မှု လုပ်ငန်းများ သွက်လက်မြန်ဆန် တိုးတက်လာကာ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ လာစေရန် လမ်းပန်းဆက်သွယ်မှု ဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံကုံလုံစေရေးအတွက် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းသည် မော်တော်ကားလမ်းနှင့်အတူ တံတားအင်အားကိုလည်း တိုးချဲ့တည်ဆောက်

အရှည် ၁၀၃၇၇ပေရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိသည်။

ဧရာဝတီတံတား (မလွန်)

ဧရာဝတီတံတား (မလွန်)သည် ဧရာဝတီမြစ်ကိုဖြတ်ကျော်၍ ပဋ္ဌနဂိုလ်နှင့် မလွန်မြို့အနီးတွင် တည်ဆောက်လျက်ရှိသည်။ ဧရာဝတီမြစ် အနောက်

တံတားကိုဖြတ်ကျော်ပြီး အနောက်ဘက် ကျောက်မြောင်း-ရွှေဘိုမှ တစ်ဆင့် မန္တလေး-ရွှေဘို-မြစ်ကြီးနားလမ်းအတိုင်း မြောက်ဘက်သို့ လည်းကောင်း၊ အနောက်ဘက် မုံရွာသို့လည်းကောင်း၊ တောင်ဘက် စစ်ကိုင်းမှတစ်ဆင့် မန္တလေးမြို့သို့ ပတ်လမ်းအဖြစ်လည်းကောင်း လူးလာခေါက်ပြန် သွားလာနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

19-7 (08-09).pmd 2 7/19/2010, 1:43 AM

ပုသိမ်မြို့ရှိ အမှတ်(၅)ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရေး ဝန်ကြီး ဦးလွန်းသီ စစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ၌ စက်တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(စွမ်းအင်)

ရန်ကုန် ဇူလိုင် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဇူလိုင် ၁၇ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်း ပုသိမ်မြို့ရှိ အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း(ပုသိမ်) လုပ်ငန်းခွင်သို့ ရောက်ရှိပြီး စက်ရုံဝင်းအတွင်းရှိ အပြီးသတ်စက်တပ်ဆင်လျက်ရှိသော Water Plant, Prilling Tower, Substation များ၊ Ammonia Plant, Urea Plant, Ammonia Ball Tank, Nitrogen Plant နှင့် Control Room များ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ နည်းစဉ်အဆင့်တိုင်းအား Technical Process မှန်ကန်စွာဖြင့် Pre Commissioning, Commissioning စမ်းသပ်လည်ပတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်နှင့် စီမံကိန်းသတ်မှတ်ကာလအတိုင်း လုပ်ငန်းများအောင်မြင်စွာဖြင့် ဓာတ်မြေဩဇာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြား၍ လိုအပ်ချက်များအပေါ် ညှိနှိုင်းပံ့ပိုးပေးသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ စီမံကိန်းဒါရိုက်တာ၊ စက်ရုံတည်ဆောက်ရေးနှင့် စက်တပ်ဆင်ရေးတာဝန်ခံ ကုမ္ပဏီများဖြစ်ကြသော Asia World, HQCEC နှင့် CHINA II ကုမ္ပဏီများမှ တာဝန်ရှိသူတို့က လက်ရှိဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ပြည်ပပညာရှင်များအား သစ်သီးခြင်း လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ဧရာဝတီတံတား (ပခုက္ကူ)

ဧရာဝတီမြစ် အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနှင့် အနောက်ဘက်ခြမ်း (ပခုက္ကူ)မြို့တို့ကိုဆက်သွယ်ပေးမည့် ပေ ၁၁၄၃၁ ရှည်သော ဧရာဝတီတံတား(ပခုက္ကူ)အား တည်ဆောက်လျက်ရှိသည်။ ပင်မတံတားအရှည် နှစ်မိုင်ကျော် ရှိမည်ဖြစ်ပြီး နှစ်လမ်းသွားကားလမ်းနှင့် ရထားလမ်းတို့ ယှဉ်တွဲပါရှိမည့် သံကူကွန်ကရစ် သံမဏိသံပေါင်တံတားကြီးသည် ပခုက္ကူ-မြင်းချို့-လက်ပံခြေပေါ်-သစ်ထောက်-ညောင်ဦးတို့ကို ဆက်သွယ်ပေးမည်ဖြစ်ပြီး ယခုအခါ တံတားတည်ဆောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

အဆိုပါ တံတားကြီးပြီးစီးသည်နှင့် ကချင်ပြည်နယ် ဗန်းမော်၊ ရှမ်းပြည်နယ် ကျိုင်းတုံ၊ တနင်္သာရီတိုင်း မြိတ်မြို့တို့ကို လည်းကောင်း၊ မင်းဘူး-အမ်း လမ်းကိုဖြတ်၍ ရခိုင်ပြည်နယ် ကျောက်တော်-စစ်တွေမြို့သို့လည်းကောင်း ရထားလမ်းများ လွှမ်းခြုံချိတ်ဆက်မိသွားမည်ဖြစ်သည်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရန်ကုန်-ပုသိမ်လမ်းပိုင်းနှင့် ပုသိမ် - ဟင်္သာတ-ကြံခင်း-ပခုက္ကူ လမ်းပိုင်းမှတစ်ဆင့် ကလေးအထိ၊ ထိုမှတစ်ဖန် မိုရေးအထိလည်းကောင်း၊ အရှေ့ဘက်သို့လားသော် လားရှိုးမှ ကြယ်ဂေါင်သို့လည်းကောင်း ပြည်ထောင်စုရထားလမ်းအဖြစ် လမ်းပေါက် ဖြန့်ကြက် တည်ရှိလာတော့မည်ဖြစ်သည်။

ဖွင့်လှစ်နိုင်တော့မည်

ဧရာဝတီတံတား(ပခုက္ကူ)သည် နောင်တစ်ချိန်တွင် ထိုင်း-မြန်မာ-အိန္ဒိယ နိုင်ငံချင်းဆက် အာဆီယံ ဘင်းမ်စတက် လမ်းမကြီးပေါ်တွင် အချက်အချာကျ တံတားတစ်စင်းအဖြစ် နေရာယူရမည်ဖြစ်သည်။ ရထားရော၊ ကားပါ ဖြတ်သန်းနိုင်သည့် တံတားကြီးများအနက် မြန်မာနိုင်ငံတွင် အရှည်လျားဆုံးနှင့် အထင်ရှားဆုံးအဖြစ် လမ်း၊ တံတားကဏ္ဍ မှတ်တိုင်သစ်ကြီး ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

ဧရာဝတီတံတား (စင်းခန်း)

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီး၌ ကားရော၊ ရထားပါ တစ်ပြိုင်တည်းသွားလာနိုင်မည့် ပေ ၄၆၉၅ ရှည်သော ဧရာဝတီတံတား (စင်းခန်း) သံမဏိသံပေါင်တံတားကြီးအား ဧရာဝတီမြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည်။ အဆိုပါတံတား ပြီးစီးသွားပါက မြန်မာနိုင်ငံအနှံ့အပြားမှ ကုန်စည်များ ဗန်းမော်မြို့အထိ ကား၊ ရထားတို့ဖြင့် လျင်မြန်စွာ သွားလာနိုင်ပြီး နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်မှတစ်ဆင့် တရုတ်နိုင်ငံနှင့်လည်း အပြန်အလှန် ကုန်စည်ကူးသန်းရောင်းဝယ်နိုင်မည်ဖြစ်သည်။

အကျိုးဖြစ်ထွန်း

အဆိုပါတံတားကြီးများသည် ဧရာဝတီမြစ်ကို ဖြတ်သန်းတည်ဆောက်ထားသော ပေ ၁၈၀အထက် သံကူကွန်ကရစ် သံမဏိသံပေါင်တံတားများဖြစ်သည်။ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ဒေသများကို တိုက်ရိုက်ဆက်သွယ်ပေးမည့် တံတားကြီးများဖြစ်၍ ဒေသထွက်ကုန်များ ကူးသန်းရောင်းဝယ်မှုမြန်ဆန်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဧရာဝတီမြစ်ကူးတံတား ငါးစင်းအပါအဝင် တံတားအသစ် ၂၂စင်းကိုလည်း တတ်စွမ်းနိုင်သမျှ ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ ရှမ်းပြည်နယ် ရွှေလီတံတား (မြစ်ဆုံ)၊ စစ်ကိုင်းတိုင်းတွင် ယက်ဖချောင်းတံတား၊ ဧရာဝတီတိုင်း ကျုံမငေးမြို့နယ်တွင် ကျွန်းပြာသာဒ်တံတား၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် ဂျိုင်းမြစ်ကူးတံတား (ကော့ကရိတ်)နှင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်တွင် မူလာရှီးဒီတံတားတို့ကိုလည်း ဆက်လက်တည်ဆောက်ရန် ရည်မှန်းထားသည်။ ထို့ပြင် ပဲခူးယ်ကုန်း - ကျောက်ကြီး လမ်းပေါ်ရှိ ပေ ၇၂၀ရှည်သော စစ်တောင်းတံတား

ပုံဖော်တည်ဆောက်ထားသဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှု အောင်ပွဲအဖြစ် ပြည်နယ်နှင့်တိုင်း ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်ထောင်စုကြီးဆီသို့ ရှေးရှု ဦးတည်ချီတက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်မှု အခြေခံအဆောက်အအုံများ ကွက်ပြည့်နီးပါး ဖြစ်ထွန်းနေပြီဖြစ်သည်။ ခင်းပေးထားသောလမ်းနှင့် ထမ်းပေးထားသော တံတားများသည် မျက်မှောက်ခေတ်၌ ပြည်သူတို့ လျှောက်သောလမ်းကို ဖြောင့်တန်းသာယာစေလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် အမျိုးသားရေးကို မျက်ခြည်ပြတ်မခံဘဲ နေ့မအား ညမနား ကြိုးပမ်းအားထုတ် အလုပ်ဖြင့် သက်သေပြနိုင်ခဲ့ပေသည်။ လမ်း၊ တံတားများကို မြန်မာနိုင်ငံ တစ်နံတစ်လျား ကွန်ရက်ဆက်စပ် ရစ်ပတ်ဖွဲ့နှောင် တည်

ဆက်လက်ဖောက်လုပ်လျက်ရှိသည့် အဓိကလမ်းများ

စဉ်	လမ်းအမည်	ခရီးမိုင်
၁။	ပုသိမ်-မုံရွာလမ်းမကြီး	၄၅၀ မိုင် ၅ ဖာလုံ
၂။	တိုက်ကြီး- ဖောင်ကြီး-ပဲခူးလမ်း (တိုက်ကြီး-၁၀မိုင်ကုန်းအပိုင်း)	၆၂ မိုင် ၇ ဖာလုံ
၃။	မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲခူးယ်ကုန်းလမ်း	၁၄၃ မိုင် ၆ ဖာလုံ
၄။	ကိုးပင်-သာဂရလမ်း	၉၆ မိုင် ၃ ဖာလုံ
၅။	မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း	၁၀၈ မိုင် ၄ ဖာလုံ
၆။	မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း	၉၁ မိုင် ၄ ဖာလုံ
၇။	ပြင်ဦးလွင်-မိုးကုတ်လမ်း	၉၇ မိုင်
၈။	ကသာ-စင်းခန်းလမ်း	၆၅ မိုင်
၉။	မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း	၂၁၈ မိုင်
၁၀။	သင်္ဘောယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း	၃၃၀ မိုင်
၁၁။	နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း	၇၀ မိုင် ၂ ဖာလုံ
၁၂။	ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း	၂၂ မိုင် ၆ ဖာလုံ
၁၃။	မြေပုံ-မင်းပြားလမ်း	၂၄ မိုင် ၇ ဖာလုံ
၁၄။	ပေါက်တော-မင်းပြားလမ်း	၂၀ မိုင် ၆ ဖာလုံ
၁၅။	ကျောက်တော်-ပလက်ဝလမ်း	၃၃ မိုင် ၅ ဖာလုံ

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ နှင့်အထက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်ရန် လျာထားတံတားကြီးများ

စဉ်	ပြည်နယ်/တိုင်း	တည်ဆောက်ပြီး	တည်ဆောက်ဆဲ	တည်ဆောက်ရန်လျာထား
၁။	ကချင်ပြည်နယ်	၁၉ စင်း	၂ စင်း	၁ စင်း
၂။	ကယားပြည်နယ်	၁ စင်း	၁ စင်း	-
၃။	ကရင်ပြည်နယ်	၇ စင်း	၂ စင်း	၁ စင်း
၄။	ချင်းပြည်နယ်	၃ စင်း	-	-
၅။	စစ်ကိုင်းတိုင်း	၁၇ စင်း	၃ စင်း	၁ စင်း
၆။	တနင်္သာရီတိုင်း	၇ စင်း	-	-
၇။	ပဲခူးတိုင်း	၁၉ စင်း	၁ စင်း	-
၈။	မကွေးတိုင်း	၂၀ စင်း	၃ စင်း	-
၉။	မန္တလေးတိုင်း	၁၂ စင်း	၁ စင်း	-
၁၀။	မွန်ပြည်နယ်	၄ စင်း	-	-
၁၁။	ရခိုင်ပြည်နယ်	၃၆ စင်း	၁ စင်း	-
၁၂။	ရန်ကုန်တိုင်း	၃၀ စင်း	၁ စင်း	-
၁၃။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄ စင်း	-	-
၁၄။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၅ စင်း	၂ စင်း	-
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၇ စင်း	-	၁ စင်း
၁၆။	ဧရာဝတီတိုင်း	၄၉ စင်း	၅ စင်း	၁ စင်း
	စုစုပေါင်း	၂၄၀ စင်း	၂၂ စင်း	၅ စင်း

မံဆောင်းတံတား

ချင်းပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် အထောက်အကူပြုလျက်ရှိသည့် မံဆောင်းတံတား။

(နတ်သံကွင်း)ကိုလည်း ရာသီမရွေး သွားလာနိုင်အောင် တည်ဆောက်သွားရန် စိုင်းပြင်းလျက်ရှိသည်။

အရင်းတည်

နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့်တိုင်းများတွင် လမ်းနှင့်တံတားများကို နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အမျိုးသားရေးအမြင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားပြီး ငွေကြေး အမြောက်အမြားအရင်းတည်ကာ တည်ဆောက်ပေးနေခြင်းဖြစ်သည်။

ညီညီညွတ်ညွတ်

နိုင်ငံ၏ ပထဝီအနေအထားအရ ရေ၊ မြေခြားနားမှုကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် နိုင်ငံတော်အစိုးရက ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်း၊ တံတားများကို မဟာဗျူဟာကျကျ အကွက်ချပြီး ကိုယ့်ခွန်ကိုယ့်အား အရင်းတည်ကာ ဆောက်ပေးနေခြင်းသည် ဒေသနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးအမြင်ဖြင့် ကျယ်ပြန့်စွာစဉ်းစားပြီး ပတ်ဝန်းကျင်အမွေခံကောင်းများကို မျိုးစေ့ချဖော်ဆောင်ပေးသည့် စေတနာပြယုဂ်များပင် ဖြစ်သည်။

အောင်မြင်မှုမှတ်တိုင်

ယခုတင်ပြခဲ့သော လမ်းတံတားကဏ္ဍဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်က နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် ကောင်းသောအမွေကို သားစဉ်မြေးဆက် ဆက်ခံနိုင်အောင် ရေရှည်အကျိုးမျှော်ကိုးပြီး ကြိုးပမ်းဖော်ဆောင်ပေးနေသည့် မျက်မှောက်ခေတ်၏ အောင်မြင်မှုမှတ်တိုင်များပင်ဖြစ်ပါကြောင်း မှတ်တမ်းပြုရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

19-7 (10).pmd 1 7/19/2010, 1:44 AM

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ဝန်ကြီး သူရဦးအေးမြင့် တက်ရောက် ဆုများချီးမြှင့်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရ ဦးအေးမြင့်သည် ယမန်နေ့ ညနေ၃နာရီခွဲက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသော ၂၀၁၀ခုနှစ် (၄၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား အမျိုးသမီးဘတ်စကက်ဘောပြိုင်ပွဲ၏ ဗိုလ်လုပွဲများသို့ တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲ၏ အမျိုးသမီးပွဲစဉ်တွင် စစ်ကိုင်းတိုင်းအသင်းက ရန်ကုန်တိုင်းအသင်းကို ၇၁မှတ်၊ ၆၃မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ အမျိုးသားပွဲစဉ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်းကို ၁၀၄ မှတ်၊ ၅၆မှတ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ချီးမြှင့်

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိကြသော မန္တလေးတိုင်းအသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အသင်း၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းအသင်း၊ ပထမဆုရရှိသော စစ်ကိုင်းတိုင်းအသင်း၊ အမျိုးသားပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသော မန္တလေးတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ ပထမဆုရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အသင်းတို့အား တာဝန်ရှိသူများက ဆုတံဆိပ်များနှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကောင်းဆုံး အားကစားသမားဆုရ မရီရီအောင်(ရန်ကုန်တိုင်း)နှင့် အားပင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက လည်းကောင်း၊ အသန့်ရှင်းဆုံး အားကစားအသင်းဆုရရှိသော ရှမ်းပြည်နယ် (တောင်ပိုင်း) အမျိုးသမီး အသင်းနှင့် ကယားပြည်နယ် အမျိုးသား အသင်းတို့အား မြန်မာနိုင်ငံအိုလံပစ် ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ကလည်းကောင်း ဆုတံဆိပ်နှင့် ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ပထမဆုရ စစ်ကိုင်းတိုင်း အမျိုးသမီးအသင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသား အသင်းတို့အား တံခွန်စိုက် ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းများကို ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းတာဝန်ခံ ဒေါက်တာတင်အောင်အေးနှင့် မှော်ဘီမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များတွေ့ဆုံ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းတာဝန်ခံ ဒေါက်တာတင်အောင်အေးနှင့် ရန်ကုန် မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်အတွင်းရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ တွေ့ဆုံညှိနှိုင်းပွဲကို ဇူလိုင် ၁၆ရက် ညနေ ၃နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီးနောက် ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရန်ကုန်တိုင်းတာဝန်ခံ ဒေါက်တာတင်အောင်အေးက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရန်ကုန်တိုင်း တာဝန်ခံ ဒေါက်တာတင်အောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြောင်းတကာကျေးရွာသို့ သွားရောက်ပြီး ကျေးရွာကော်မရှင်ရုံး၌ မဲရုံထားရှိမှု၊ မဲရုံနှင့် လူဦးရေနေရာချထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို အကြံပြုမှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၁၀ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်၇နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပသည်။

စိုက်ပျိုး

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသူရိန်ဇော်(**ယာပုံ**)က မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာများ၌ မဟော်ဂနီပင်များကို စိုက်ပျိုးပေးပြီး ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာများ၌ သစ်ပင်၊ ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ယမန်နေ့ ကျင်းပသည့် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် မဟော်ဂနီ၊ စိန်ပန်း၊ မန်ကျည်း၊ သရက်၊ကံ့ကော်၊ ခရေ၊ ပျဉ်းမ၊ တမာနှင့်နှစ်ရှည်သီးပင် စားပင်များစိုက်ပျိုးခဲ့ကြသည်။ **(သတင်းစဉ်)**

အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

တောင်ကြီး ဇူလိုင် ၁၈

အင်းလေးကန် ရေရှည်တည်တံ့ရေး အတွက် စာတမ်းဖတ်ပွဲနှင့် အလုပ်ရုံ ဆွေးနွေးပွဲ အခမ်းအနားကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၁၃ရက်နှင့် ၁၄ရက်တို့တွင် ဆက်လက်ကျင်းပခဲ့ရာ ဇူလိုင် ၁၃ရက်တွင် တောင်ကြီးတက္ကသိုလ်မှ ဒေါ်နန်းမိုခမ်း(ပထဝီဝင်ဌာန ပါမောက္ခ-ငြိမ်း)၊ ဦးဝင်းမြင့်ဆန်း(သတ္တဗေဒဌာန ပါမောက္ခ-ငြိမ်း)၊ ဒေါက်တာနုနုစံ (သတ္တဗေဒဌာန ပါမောက္ခ)နှင့် ဦးတင်လှိုင် (ဘူမိဗေဒပါမောက္ခ-ငြိမ်း)တို့က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အင်းလေးအိုင်အတွင်းသို့ အနည်ပို့ချခြင်း (သုတေသနစာတမ်း)ခေါင်းစဉ်၊ အင်းလေး ကန်ရေဝေရေလဲဒေသ၏ ရာသီဥတု အခြေအနေများကို ဆန်းစစ်လေ့လာခြင်း ခေါင်းစဉ်၊ Hydrological Aspect on Sedimonation of Inle lake ခေါင်းစဉ်၊ အင်းလေးကန်အလှနှင့် ခရီးသွား လုပ်ငန်းခေါင်းစဉ်၊ Save the Childrens အဖွဲ့မှ အင်းလေးကန် ထိန်းသိမ်းရေးအတွက် အကောင်အထည်ဖော်ခဲ့သော အစီအစဉ်များ ခေါင်းစဉ်၊ Assessment of Environmental degradation in Inle Lake ခေါင်းစဉ်၊ အိမ်ခြံဝင်းတွင်းမှ ဝင်ငွေရရှိရေး၊ လယ်ယာကန်သင်းမှ ဝင်ငွေရရှိရေး၊ လယ်ယာမြေတွင်းမှ တိုးတက်ဝင်ငွေရရှိ ရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်း စိုပြည်ရေး ခေါင်းစဉ်၊ သဘာဝ စိုက်ပျိုးရေး နှင့် အင်းလေးကန် ထိန်းသိမ်း စောင့်ရှောက်ရေးခေါင်းစဉ်၊ အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ဒေသခံ တိုင်းရင်းသားပြည်သူတို့၏ ဖန်တီးနိုင်မှု စွမ်းအားစာတမ်းခေါင်းစဉ်၊ အင်းလေးကန် ထိန်းသိမ်းရေးနှင့် စိုက်ပျိုးရေးခေါင်းစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အခြေခံပညာရေး၏ အခန်းကဏ္ဍခေါင်းစဉ်၊ အင်းလေးကန် ရေရှည်တည်တံ့ရေးအတွက် အင်းလေးကန် ဒေသမြေအသုံးချမှုနှင့် ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများခေါင်းစဉ်၊ The Role of Biosupreme Organic Fertilizer and Sustainable Development of Inlay Lake ခေါင်းစဉ်နှင့် Environmental Awareness of the farmers and their Farming behavior in Inle Lake ခေါင်းစဉ်တို့ကို ဆွေးနွေးခဲ့ကြသည်။

လေ့လာ

ဇူလိုင် ၁၄ရက်တွင် သဘာပတိအဖြစ် ဦးအုန်း (FREDA) မှ ဆောင်ရွက်ပြီး အင်းလေးကန်ရေရှည်တည်တံ့ရေးအတွက် ဥပဒေရှုထောင့်မှ လေ့လာတင်ပြခြင်း ခေါင်းစဉ်၊ အင်းလေးကန်ရေရှည် တည်တံ့ရေးနှင့် ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစီမံကိန်းနှင့် ပတ်သက်၍ ဖုန်များခွဲခြားလေ့လာ တင်ပြချက်စာတမ်း ခေါင်းစဉ်၊ အင်းလေးကန်နှင့် ယူထရိဖီကေးရှင်း ခေါင်းစဉ်၊ အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် လူ့အဖွဲ့အစည်း (Civil Society)၏ ကဏ္ဍခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်နှင့် ဆွေးနွေးအကြံပြုချက်များကို စာတမ်းရှင်များက ပြန်လည်ဖြေကြားကာ ကဏ္ဍအလိုက် အကြံပြုချက်များမှ အပြီးသတ်ရွေးချယ်အတည်ပြုခြင်းများ ပြုလုပ်၍ မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့နယ် ရေတွင်းကြီးကျေးရွာနှင့် ကျောက်ရေအိုးကျေးရွာများတွင် (UNDP)မှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ချက်များကို သွားရောက် လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(တောင်ကြီးကိုယ်ပွား)**

ထိုင်းနိုင်ငံလုပ် ကုန်ပစ္စည်းများဈေးရောင်းပွဲ ဂမုန်းပွင့်အရောင်းဆိုင်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ဂမုန်းပွင့်ကုမ္ပဏီလီမိတက်နှင့် ထိုင်းနိုင်ငံ Department of Export Promotion (DEP)တို့က အဓိက ပံ့ပိုးကူညီ၍ စတုတ္ထအကြိမ်မြောက် Made in Thailand Festival ဖွင့်ပွဲကို ယမန်နေ့ နံနက် ၁၀နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဂမုန်းပွင့် Shopping Mall ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr.Apirath Vienravi က ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ရောင်းချ

ယင်းဈေးရောင်းပွဲတော်ကို ဇူလိုင် ၂၆ရက်အထိ ကမ္ဘာအေးဂမုန်းပွင့် Shopping Mall နှင့် မြေနီကုန်း ဂမုန်းပွင့်ကုန်တိုက်တို့၌ ကျင်းပသွားမည်ဖြစ်သည်။

အမျိုးသားများအတွက် Vanson, Oasis, Kiddo, Pierre Cardin, Luigi Batani, Valentino Ruby နှင့် အခြားနာမည်ကြီး အမှတ်တံဆိပ် အင်္ကျီများ၊ အမျိုးသမီးများအတွက် Pena House, Toffy Sweet, Oak, Beryl, In Rose, Tommy Classic, Me2, Pink, Amata, Wi Wi စသည့် နာမည်ကြီး အမှတ်တံဆိပ်များ၊ အမျိုးသား အမျိုးသမီးစီး Walker, Kito, Free Wood, Adda, Fara, Lily, Shoes Gallery စသည့် အမှတ်တံဆိပ်စုံ ဖိနပ်များ၊ Leather Products တွင် Praco အမှတ်တံဆိပ်များကို ရောင်းချပေးမည်ဖြစ်သည်။

စုံလင်

စားသောက်ကုန်များတွင်လည်း အမျိုးအစားမျိုးစုံ၊ အမှတ်တံဆိပ်စုံနှင့် Ocean အမှတ်တံဆိပ် ဖန်ခွက်နှင့် ဖန်ထည်ပစ္စည်းများ၊ ကလေးအဝတ်အထည် အသုံးအဆောင်အမျိုးမျိုးတို့ကိုလည်း အမျိုးအစားစုံလင်စွာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်သည့် ငါးကျီးဂရက်ကျေးရွာအုပ်စု ရွာသစ်စုကျေးရွာအဝင် အုတ်ခုံခံ သစ်သားတံတား တည်ဆောက်နေမှုကို ဇူလိုင် ၁၁ရက်က မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာ ဦးအာကာမြတ်သူ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ်စည်ပင်)

၂၀၂၆ ကမ္ဘာ့ဖလားပွဲ အိမ်ရှင်ဖြစ်ရေး တရုတ်ကြိုးပမ်းမည်

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

ပေကျင်း ဇူလိုင် ၁၈

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများကို လေးနှစ်တစ်ကြိမ်ကျင်းပလာခဲ့သည်မှာ တိုက်များအလိုက် အားလုံးအိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်အောင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က အကောင်အထည်ဖော်နိုင်ခဲ့သည်။



ပထမဆုံး

ဥရောပ၊ တောင်အမေရိက၊ အာရှတိုက်တို့၌ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပနိုင်ခဲ့သလို အာဖရိကတိုက်မှ တောင်အာဖရိကနိုင်ငံကလည်း ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ်လက်ခံ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

၂၀၁၄ခုနှစ်

၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ဖီဖာက ရွေးချယ်ခဲ့ပြီးဖြစ်သည်။ ဘရာဇီးနိုင်ငံအနေဖြင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနှင့် ထိုက်တန်သော ဘောလုံးကွင်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းများအပြင် လေ့ကျင့်ရေး ဘောလုံးကွင်းများစွာလည်း အသင့်ရှိနေပြီဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က ကြေညာထားပြီး ဖြစ်သည်။

အပြိုင်အဆိုင်

၂၀၁၈ခုနှစ်၊ ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများအတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် တိုက်ကြီးများအလိုက် နိုင်ငံအများအပြားက အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရေး အပြိုင်အဆိုင်ကြိုးစားလျက်ရှိကြသည်။ အိမ်ရှင်အဖြစ် ကျင်းပခွင့်လျှောက်ထားသည့် နိုင်ငံများကိုလည်း ဖီဖာတာဝန်ရှိသူများက ကိုယ်တိုင်သွားရောက်စစ်ဆေးခဲ့ကြသည်။

၂၀၂၆ခုနှစ်

၂၀၂၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရနိုင်ရေးအတွက် တရုတ်နိုင်ငံက ကြိုးစားသွားမည်ဟု တရုတ်ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး မစ္စတာဝေဒီက ထုတ်ဖော်ပြောကြားလိုက်ပြီဖြစ်သည်။ ၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် တရုတ်နိုင်ငံသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်မှု အပြည့်ရှိနေသည်။ တရုတ်အစိုးရကလည်း ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကျင်းပရန် သဘောတူညီမှု ရရှိထားပြီး ဖြစ်သည်။

စာရင်းပေးထား

၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အာရှမှ ဂျပန်၊ ကာတာ၊ ဩစတြေးလျနှင့် တောင်ကိုရီးယားနိုင်ငံတို့က အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် စာရင်းပေးလျှောက်ထားခဲ့ကြသည်။ ထိုသို့ လျှောက်ထားရာတွင် တရုတ်နိုင်ငံက ပါဝင်ခြင်းမရှိချေ။ ထို့ကြောင့် ၂၀၂၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ တရုတ်က အိမ်ရှင်အဖြစ် တာဝန်ယူရန် စိတ်အားထက်သန်နေခြင်းဖြစ်သည်။

အသင့်ရှိနေ

အာရှတွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ၂၀၀၂ခုနှစ်က တောင်ကိုရီးယားနှင့် ဂျပန်တို့ ပူးတွဲအိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ တောင်ကိုရီးယားအသင်း အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သဖြင့် မှတ်တမ်းသစ်ရေးထိုးပြီး အာရှဂုဏ်ကို ဆောင်နိုင်ခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံကလည်း ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ရန် ကြိုးစားနေပြီး တရုတ်ဘောလုံးအသင်း အောင်မြင်မှုမှတ်တမ်းကို ထူးခြားစွာ ရေးထိုးနိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ ပေကျင်းနှင့် ရှန်ဟိုင်းမြို့ကြီးများတွင် နိုင်ငံတကာအဆင့်မီ ဘောလုံးကွင်းများ တည်ရှိပြီးဖြစ်ရာ အားကစားကွင်းအသစ်များ ထပ်မံတည်ဆောက်ရန်လည်း ငွေကြေးအသင့် ရှိနေသည်။

> **တရုတ်နိုင်ငံတစ်ဝန်းရှိ အားကစားကွင်းများကလည်း နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများ ကျင်းပနိုင်ရန် ဤသို့အသင့်ရှိနေသည်။**
>
> (အင်တာနက်ဓာတ်ပုံ)

အားနည်းချက်

၂၀၂၆ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံ ကျင်းပနိုင်ရန် တရုတ်နိုင်ငံကို ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက အပြည့်အဝ ထောက်ခံထားသည်။ သို့သော် တရုတ်နိုင်ငံအတွင်း၌ ဘောလုံးအားကစားနှင့် ပတ်သက်ပြီး အကျိုးစီးပွားဖြစ်စေလောက်သည့် အားပေးမှုနှင့် ရင်းနှီးမြှုပ်နှံမှုများ နည်းပါးနေသဖြင့် အိမ်ရှင်အဖြစ်လက်ခံရန် ကြိုးစားမည်ဖြစ်သည်။

မှတ်တမ်း

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပခဲ့မှုနှင့်ပတ်သက်ပြီး သမိုင်း၌ တောင်အမေရိကတွင်လေးကြိမ်၊ ဥရောပတွင် ၁၂ကြိမ်၊ အာရှတွင် တစ်ကြိမ်နှင့် အာဖရိကတွင် တစ်ကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်ခဲ့သည့် မှတ်တမ်းရှိနေသည်။ ထို့ကြောင့် အာရှတိုက်တွင် တစ်ကြိမ် ထပ်မံကျင်းပနိုင်ခွင့်ရရန် တရုတ်နိုင်ငံက တောင်းဆိုမည် ဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာကလည်း အာရှ၌ ကမ္ဘာ့ဖလားပွဲထပ်မံကျင်းပနိုင်ရေးအတွက် ထောက်ခံထားသည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၌ တရုတ်နိုင်ငံက အိမ်ရှင်ဖြစ်ရေး ကြိုးပမ်းမှုကို စောင့်ကြည့်ရမည် ဖြစ်သည်။ ။

ကိုးကား - အင်တာနက်

နောက်တန်းကစားသမား အက်ရှ်လေကိုးလ် ချယ်လ်ဆီးတွင် ဆက်ကစားမည်

မြင့်မောင်စိုး - ရေးသားသည်

လန်ဒန် ဇူလိုင် ၁၈

ချယ်လ်ဆီးနောက်တန်းကစားသမား အက်ရှ်လေကိုးလ်သည် လာမည့်ဘောလုံးရာသီတွင် ချယ်လ်ဆီး၌သာ ဆက်ရှိနေလိမ့်မည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ပြောကြားသည်။

နောက်တန်းကစားသမား အက်ရှ်လေကိုးလ်အား ရီးရဲမက်ဒရစ်ကခေါ်ယူရန် ဆက်သွယ်ထားသော်လည်း လာမည့်ရာသီတွင် ချယ်လ်ဆီးအတွက်သာ ကစားပေးလိမ့်မည်ဖြစ်ကြောင်း နည်းပြအန်ဆယ်လော့တီက ဆိုသည်။

မျှော်လင့်ထား

အသက်၂၉နှစ်ရှိ အက်ရှ်လေကိုးလ်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး ချစ်ကြည်ရေးပွဲများ မကစားနိုင်သေးသော်လည်း ပရီမီယာလိဂ်အဖွင့်ပွဲများ ကစားနိုင်လိမ့်မည်ဟု ၎င်းအနေဖြင့် မျှော်လင့်ထားသည်။ **(အင်တာနက်)**

ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် သုံးသောဘောလုံး ဒေါ်လာ ၇၄၀၀၀ဖြင့် လေလံအောင်

မက်ဒရစ် ဇူလိုင် ၁၈

၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အသုံးပြုခဲ့သော ဘောလုံးကို အမေရိကန်ဒေါ်လာ ၇၄၀၀၀ဖြင့် စပိန်ပရိသတ်များက ဝယ်ယူသွားပြီဖြစ်သည်။

အဆိုပါဘောလုံးကို တောင်အာဖရိကနိုင်ငံက အွန်လိုင်းစနစ်ဖြင့် လေလံတင်ရောင်းချခဲ့ခြင်းဖြစ်သည်။ ယင်းဘောလုံးကို ဂျာဘူလာနီက ဒီဇိုင်းတီထွင် ထုတ်လုပ်ပေးခဲ့ခြင်းဖြစ်သည်။ တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အသုံးပြုသော ဘောလုံးများအားလုံးကို ဂျာဘူလာနီက ဒီဇိုင်းထုတ်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းဘောလုံးများကို အက်ဒီဒက်စ်ကုမ္ပဏီက ထုတ်လုပ်ပေးခဲ့ကြောင်း၊ ဘောလုံးအားလုံးကို နည်းစနစ်မှန်ကန်စွာ ထုတ်လုပ်ခဲ့ကြောင်း ၎င်းကုမ္ပဏီက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘော့ စံချိန်တင်

ပါရီ ဇူလိုင် ၁၈

ကမ္ဘာ့တာတိုအပြေးစံချိန်ရှင် ဂျမေကာနိုင်ငံသား အူစိန်ဘော့သည် တစ်နိုင်ငံတည်းသား အဆာဖာပိုဝဲလ်အား ပြင်သစ်နိုင်ငံ၌ ကျင်းပသော ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၁၀၀ ပြိုင်ပွဲတွင် ကျော်ဖြတ်ကာ အနိုင်ယူဗိုလ်စွဲသွားသည်။

ကမ္ဘာနှင့် အိုလံပစ်ချန်ပီယံအူစိန်ဘော့သည် အဆိုပါမီတာ ၁၀၀ပြေးပွဲတွင် စံချိန် ၉ ဒသမ ၈၄ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ပိုဝဲလ်က ၉ ဒသမ ၉၁စက္ကန့်ဖြင့် ဒုတိယရခဲ့ပြီး အခြားဂျမေကာနိုင်ငံသား ယိုဟန်ဘလိတ်က စံချိန် ၉ ဒသမ ၉၅ စက္ကန့်ဖြင့် တတိယရခဲ့သည်။

အူစိန်ဘော့သည် ယင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သဖြင့် ကမ္ဘာ့အပြေးအမြန်ဆုံးလူသားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ **(အင်တာနက်)**

ဖာဘရီဂတ်စ်အား ဘာစီလိုနာမျှော်လင့်နေမှု အဆုံးသတ်သင့်ပြီဟု နည်းပြဝင်းဂါးဆို

လန်ဒန် ဇူလိုင် ၁၈

အာဆင်နယ်အသင်း၏ အဓိကအားထားရသော ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရန် ထင်ကြေးပေးနေမှုများ အဆုံးသတ်ရန် နည်းပြအာစင်ဝင်းဂါးက တောင်းဆိုလိုက်သည်။

အာဆင်နယ်အသင်းခေါင်းဆောင် ဖာဘရီဂတ်စ်အား ဘာစီလိုနာက ပေါင်သန်း ၃၀ဖြင့် ကမ်းလှမ်းလာမှုကိုလည်း နည်းပြဝင်းဂါးက ငြင်းပယ်လိုက်သည်။ ဘာစီလိုနာကစားသမားအချို့ကလည်း ဖာဘရီဂတ်စ် မိမိနိုင်ငံသို့ပြန်လာရန် မျှော်လင့်ထားကြသည်။ ။ **(အင်တာနက်)**

ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

ဘာကာနှင့် အက်ဒရီယာနို လေးနှစ်စာချုပ်

ဆီဗီလာအသင်းမှ အသက် ၂၅နှစ်ရှိ ဘရာဇီးကစားသမား အက်ဒရီယာနို ကော်ရီယာသည် ဘာစီလိုနာအသင်းနှင့် လေးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရေးကို ပြီးပြတ်အောင် ဆောင်ရွက်ခဲ့ပြီဖြစ်ကြောင်း၊ ၎င်းသည် ခံစစ်နှင့်ကွင်းလယ်နှစ်မျိုးစလုံး ကစားနိုင်သူဖြစ်ပြီး ဘာစီလိုနာက ပေါင် ၁၁ဒသမ ၅သန်းပေး ခေါ်ယူခဲ့ဖွယ်ရှိကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

ဘာစီလိုနာ၌ ဆက်နေမည်ဟု အီဘရာဟင်မိုဗစ်ဖွင့်ဟ

ဘာစီလိုနာတိုက်စစ်မှူး ဇလက်တန် အီဘရာဟင်မိုဗစ်သည် ဘာစီလိုနာအသင်း၌သာ ဆက်နေမည်ဟု ဖွင့်ဟပြောကြားလိုက်ခြင်းဖြင့် ပရီမီယာလိဂ်သို့ ပြောင်းရွှေ့မည်ဟူသော ထင်ကြေးသတင်းများကို ပယ်ဖျက်ခဲ့သည်။

တောရက်စ်အား ပေါင်သန်း ၅၀ပေးရန် ချယ်လ်ဆီးဆုံးဖြတ်

ချယ်လ်ဆီးအသင်းသည် လီဗာပူးအသင်းမှ စပိန်တိုက်စစ်မှူး ဖာနန်ဒိုတောရက်စ်အား ခေါ်ယူရေးကို အရှိန်မြှင့်ကြိုးစားမည်ဖြစ်ပြီး ၎င်းအား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ဖြင့် ကမ်းလှမ်း စာချုပ်ခေါ်ယူရန်ဆုံးဖြတ်ခဲ့သည်။

တိုက်စစ်မှူး မန်ဇူကစ်အားခေါ်ယူရန် ဗီလာစဉ်းစားနေ

အက်စ်တွန်ဗီလာအသင်းသည် ဒိုင်နမိုဇာဂရက်တိုက်စစ်မှူး မာရီယိုမန်ဇူကစ်အား ပေါင်ရှစ်သန်းဖြင့် ကမ်းလှမ်းခေါ်ယူရန် စဉ်းစားချင့်ချိန်နေသည်။

မီလ်နာအား ပေါင် ၂၅သန်းပေးရန် မန်စီးတီးစီစဉ်

မန်စီးတီးအသင်းသည် အက်စ်တွန်ဗီလာကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာအား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင် ၂၅သန်းဖြင့် ကမ်းလှမ်းရန် စီစဉ်နေသည်။

မွန်ရိုးနှင့် နီရှီယိုကာ ယှဉ်ပြိုင်ထိုးသတ်မည်

ဗြိတိန်နိုင်ငံ လီဆက်စတာမြို့မှ စူပါဘင်တန်လက်ဝှေ့သမား ရင်ဒေါ့မွန်ရိုးသည် လာမည့်အောက်တိုဘာလတွင် ဒဗလျူဘီစီချန်ပီယံ တိုရှီယာကီနီရှီယိုကာနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း၊ ယှဉ်ပြိုင်ထိုးသတ်ရမည့်ရက်ကို မသတ်မှတ်ရသေးသော်လည်း တိုကျိုမြို့တွင် ယှဉ်ပြိုင်ထိုးသတ်မည့် ယင်းပွဲစဉ်ကို အောက်တိုဘာလကုန်တွင် ကျင်းပဖွယ်ရှိကြောင်း၊ အသက် ၃၃နှစ်ရှိ နီရှီယိုကာသည် ယင်းဒဗလျူဘီစီသရဖူကို ၂၀၀၉ ခုနှစ် ဇန်နဝါရီလကတည်းက ရယူခဲ့ကာ သုံးကြိမ်ကာကွယ်ခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းသည် ပွဲပေါင်း ၄၃ပွဲ ယှဉ်ပြိုင်ထိုးသတ်ရာတွင် ၃၆ ပွဲနိုင်၊ သုံးပွဲသရေနှင့် လေးပွဲ ရှုံးနိမ့်ခဲ့သည့် မှတ်တမ်းရှိကြောင်း သိရသည်။

အင်္ဂလန်နည်းပြအဖြစ် ကမ်းလှမ်းမှု ဟဂ္ဂူဆန်ပယ်ချခဲ့

အင်္ဂလန်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် ကမ်းလှမ်းတာဝန်ပေးသည့် အခွင့်အရေးကို နှစ်ကြိမ်တိုင်ပယ်ချခဲ့ကြောင်း မန်ယူနည်းပြဖာဂူဆန်က ဖွင့်ဟပြောကြားခဲ့သည်။

စပါးသို့ ဖာဘီယာနိုပြောင်းရွှေ့ရေး ဆွေးနွေး

စပိန်လာလီဂါအသင်းဆီဗီလာမှ ဘရာဇီးလက်ရွေးစင်အသင်း တိုက်စစ်မှူး ဖာဘီယာနိုသည် ပရီမီယာလိဂ်အသင်းစပါးသို့ ပြောင်းရွှေ့ရေးဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။ ။ (အင်တာနက်)

19-7 (12).pmd 1 7/19/2010, 1:44 AM

လက်ထပ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

နေပြည်တော်နေ
ဦးအောင်မျိုးမင်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)-ဒေါ်သဇင်နွယ်
တို့၏သားငယ်

မောင်စည်သူအောင်

(LL.B)

LL.M(Transnational Law and Business University, Seoul)

နှင့်

ရန်ကုန်မြို့နေ
ဦးတင်မောင်မောင်(Chief Engineer,RCL SHIP MANAGEMENT Pte.Ltd.)-(ဒေါ်မြမြဆင့်)
တို့၏သမီးငယ်

မသဉ္ဇာမောင်

B.A(Business Management)

တို့၏ ၁၈-၇-၂၀၁၀ ရက် (တနင်္ဂနွေနေ့) နံနက်ခင်းတွင် Sedona Hotel(ရန်ကုန်)၌ကျင်းပပြီးစီးခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးပါသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် ဇနီးဒေါ်ခင်သန်းဝင်းအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ကာကွယ်ရေးဝန်ကြီးဌာန၊ အရာရှိကြီးများနှင့်ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများ ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်တက်ရောက် မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁၇-၇-၂၀၁၀ရက် (စနေနေ့) နံနက်ခင်းတွင် Sedona Hotel ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော တရားရုံးချုပ် တရားသူကြီး ဦးချစ်လွင်နှင့်ဇနီး ဒေါ်လေးမြင့်အားလည်းကောင်း၊ မင်္ဂလာအသိသက်သေများအဖြစ် ဆောင်ရွက်ပေးကြပါသော အမှတ်(၃)အခြေခံပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့်ဇနီး ဒေါ်စိန်စိန်ငွေအားလည်းကောင်း၊ ဦးမောင်မောင်ငွေ (တရားရုံးချုပ်ရှေ့နေ)နှင့်ဇနီး ဒေါ်တင့်တင့်လှိုင် (တရားရုံးချုပ်ရှေ့နေ)တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာပန်းကြဲပေးသော မမေထူး၊မင်္ဂလာအောင်စံပယ်ပန်းကုံးကိုင်ဆောင်ပေးသော မသက်မြတ်နိုး၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မထက်နန္ဒာထွန်း၊ သတို့သားအရံ မောင်ကောင်းထက်နှင့် မောင်ဇေမင်းထက်၊ သတို့သမီးအရံ မအိအိဇင်နှင့် မဝင်းမြတ်မွန်တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးသီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်ရီရီသန့်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော First Music Agency မှ ဥက္ကာဦးသာ Plus Three တေးဂီတအဖွဲ့အားလည်းကောင်း၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးသော ကိုလတ်+မကြင်ကြင်"ကြယ်စင်နန်းတော်မိသားစု"အားလည်းကောင်း၊ ပန်းအလှပြင်ပေးသော လင်းလင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မမေ ဦးမောင်(တော်ဝင်သူ)၊ မမျိုးမင်းထွန်းလှကြင်(ရွှေပြည်တန်ပိုးထည်တိုက်)နှင့် မမျိုး(Myanmar Style)၊ မိတ်ကပ်လင်းလင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ရိုက်ကူးပေးသော ဦးအကိုင်းနှင့်အဖွဲ့၊ Sedona Hotel (ရန်ကုန်)မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူအောင်-မသဉ္ဇာမောင်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
ဦးသိန်းထွန်း-ဒေါ်နုနုတင် တို့၏သား

ဒေါက်တာ အာကာသိန်းထွန်း M.B.,B.S(Ygn)

နှင့်

ရန်ကုန်မြို့နေ
ဦးမောင်မောင်-ဒေါ်စန်းမြင့်တို့၏ သမီး

မသီတာဝင်း B.A(History)

တို့၏ ၁၈-၇-၂၀၁၀ရက်တွင် Traders Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း(ငြိမ်း)နှင့် ဇနီးအားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ ဇနီးများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးထွေးဦးနှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းနှင့် ဇနီးအားလည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ဇနီးအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများအားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက် နယ်ဘက်မှ အရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူ အားလုံးကိုလည်းကောင်း အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ဒေါက်တာ အာကာသိန်းထွန်း-မသီတာဝင်း။

ရေဦးမြို့နယ် ထွေ/အုပ်ဦးစီးဌာန ပညာသင်ထောက်ပံ့ကြေးပေး

ရေဦး ဇူလိုင် ၁၈

ရေဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၀- ၂၀၁၁ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးတိုးထွန်းက အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့်နှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် မူကြိုကျောင်းသားကျောင်းသူ ၃၇ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၃၀၀၀၀ကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြသိန်းမောင်နှင့် စာရေးကြီး ဦးသက်လွင်တို့ထံ ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၁၃ရက်က ဧရာဝတီတိုင်း လပွတ္တာခရိုင် လပွတ္တာမြို့၌ တာဝန်ရှိသူတို့က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းခြင်း၊ ဆေးစိမ်ခြင်ထောင်များပေးဝေခြင်း၊ ပိုးလောက်လမ်းနှိမ်နင်းခြင်းလုပ်ငန်းများဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများဆောင်ရွက်မှုနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(အင်္ဂါနေ့-နံနက်-နေ့လယ်-ည)

၂၀-၇-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော်(မောရသုတ်+ ဝဋ္ဋသုတ်) ဓမ္မပူဇာတေး
၇း၃၀ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ပြောပါရစေရှင် (ငွေစောင့်နတ်)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ တေးပဒေသာ
၁၀း၄၅ ခံတွင်းမြိန်စရာ သူ့လက်ရာ (ဝက်သားအင်ဥ၊ သရက်ချဉ်သုပ်နဲ့ ဒန့်သလွန်ရွက်ဟင်းခါး)
၁၀း၅၅ တေးသီချင်း
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၂၅ Talk on Line(ဂျင်းနီ)
၁၁း၅၀ တေးပဒေသာ
၁၂း၀၀ စံတော်ချိန် Current Song တေးပဒေသာ
၁၂း၄၀ ပြုံးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (သတ္တမတန်း-အထွေထွေသိပ္ပံ) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မေတို့တွက်တာ အလှကမ္ဘာ (အသက်၅၀ကျော်အမျိုးသမီးများအတွက်အသားအရေထိန်းသိမ်းနည်း)
၁၇း၁၀ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၄၅ ထူးဆန်းထွေလာ ဤမြေကမ္ဘာ (အမှတ်စဉ်-၄၉)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ ညနေခင်းတေးပဒေသာ
၁၈း၃၀ စာအုပ်စာပေလှူမိတ်ဆွေ
၁။ မှတ်သားထားသောစကားများ နှင့်မှတ်မိနေသောရယ်စရာ တွေးစရာများ (ဝင်းချစ်)
၂။ ခွင့်လွှတ်ပါအချစ်ရယ် (ကောင်းသန့်)
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ဇာတ်လမ်းပမာနားဆင်စရာ **အထုံးပြေတဲ့နေ့**
၁၉း၃၀ သူ့ခေတ်သူ့အခါတေးကမ္ဘာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ တေးစီးရီး (City FM နှစ်ပတ်လည်-အဖွဲ့) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

ကြွက်ကာကွယ်နှိမ်နင်းရေး

နှိုးဆော်ချက်

မိုးဦးအစတွင် ရိုးမများအတွင်း မှီခိုနေထိုင်သော ကြွက်ဝမ်းဖြူများသည် ဒေသနှင့်ဝါးမျိုးကွဲအလိုက် ဝါးပန်းပွင့်ခြင်း၊ ဝါးသုဉ်းခြင်းတို့ကြောင့် မျိုးပွားနှုန်းမြင့်မားလာခြင်းနှင့် ရိုးမအတွင်း အစားအစာရှားပါးလာခြင်းတို့ကြောင့် စပါးပျိုးခင်းနှင့် စိုက်ခင်းများရှိရာ မြေပြန့်သို့ အုပ်စုလိုက် ရွှေ့ပြောင်း၍ ပျိုးခင်းမှ စပါးစေ့နှင့် ပျိုးပင်ငယ်များကို စားသောက်ဖျက်ဆီးလာနိုင်သည်။

ကြွက်ကျရောက်ဖျက်ဆီးပါက အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန်ဖြစ်သည် -

- လူနေအိမ်နှင့်စိုက်ခင်းများအတွင်း ကြွက်ခိုအောင်းနိုင်သော နေရာများအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊
- ကြွက်ကျင်းများ တူးဖော်နှိမ်နင်းခြင်း၊
- ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း၊
- တစ်ကွင်းတစ်စပ်တည်းတွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် ခြောက်လှန့်ရှာဖွေဖမ်းဆီးခြင်း၊
- ထောင်ချောက်အမျိုးမျိုးအသုံးပြု နှိမ်နင်းခြင်း၊
- လိုအပ်ပါက ကြွက်သတ်ဆေးချ၍ ကာကွယ်နှိမ်နင်းခြင်း၊

အကူအညီလိုအပ်ပါက နီးစပ်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းဌာနများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ဇူလိုင် ၁၇ရက်က လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် ဦးစလမ်း၌ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်း၊ နုန်းများဆယ်ယူခြင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် တပ်မတော်သားများ ပူးပေါင်းဆောင်ရွက်ကြစဉ်။ (မြန်မာ့အလင်း)

စာအုပ်စာပေ လှူမိတ်ဆွေ

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

ဘဂ္ဂဒက်၌ အသေခံဗုံးခွဲတိုက်ခိုက် သေဆုံးသူ ၄၈ဦးရှိ

ဘဂ္ဂဒက် ဇူလိုင် ၁၈

ဘဂ္ဂဒက်မြို့အရှေ့တောင်ပိုင်း၌ ဇူလိုင် ၁၈ရက် နံနက်ပိုင်းက အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ ၄၈ဦးသေဆုံးပြီး လူ ၄၀ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ ရက်ဝါနီရပ် ဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်တွင် သေဆုံးသူ ၄၈ဦးရှိခဲ့ကြောင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ရေးသမားတစ်ဦးသည် ဖောက်ခွဲရေးပစ္စည်းများကို ကိုယ်တွင်ပတ်ပြီး စုရုံးနေသည့် လူအုပ်အတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် အီရတ်တပ်ဖွဲ့ဝင်များလည်းပါဝင်ကြောင်း သတင်း၌ဖော်ပြသည်။ **(အောက်ပုံ) (အင်တာနက်)**

မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်း ဆောင်ရွက်နေမှုများ

မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဖုန်းဇော်ဟန်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၂ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေရှိ ရွှေကျင်ကျောင်းတော်ကြီး ပြန်လည်ပြုပြင် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အောင်မြေသာစံမြို့နယ်အတွင်း လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ရွှေတစ်ချောင်းမြောင်း တစ်လျှောက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် သတ္တဗေဒ ကျောင်းသားဟောင်းများ သတ္တမအကြိမ်မြောက် စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တက္ကသိုလ် သတ္တဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း မင်္ဂလာတောင်တော်ဦးတိုက် ရွှေမန်းကျောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာဘုန်းဦးကျော်လင်း ဖုန်း-၂၀၃၃၀၃၊ ဆရာမ ဒေါ်တင်စိုး ဖုန်း-၃၈၅၄၈၅၊ ဦးကျော် ဖုန်း-၅၇၇၉၄၉၊ ဦးမြင့်လွင်ခိုင် ဖုန်း-၀၉-၅၀၄၆၈၉၉နှင့် ဦးသိန်းထွန်း ဖုန်း-၀၉-၉၉၇၁၈၃၄တို့သို့ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ မတ္တရာမြို့နယ်၌ ကျင်းပ

မတ္တရာ ဇူလိုင် ၃

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် သစ်တောဦးစီးဌာနတို့ ပူးပေါင်းလျက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက်က မန္တလေး-မိုးကုတ်ကားလမ်း မိုင်တိုင်အမှတ် (၂၀/၂)မှ (၂၀/၅)မိုင်အတွင်း စိုက်ပျိုးရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမိုးသူနှင့် သစ်တောဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှသိန်းဦး၊ အဖွဲ့ဝင် ဒေါ်စန္ဒာသန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၀၀ တက်ရောက်ကြပြီး ကျွန်းပင် ၁၀၀၊ စိန်ပန်းကြီးပင် ၁၀၀၊ မဲဇလီပင် ၄၅၀၊ ခရေပင် ၁၅၀၊ ကံ့ကော်ပင် ၁၀၀၊ ငုစပ်ပင် ၁၀၀ စုစုပေါင်းအပင် ၁၅၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ (အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ငါန်းဇွန်မြို့၌ သစ်ပင်စိုက်ပျိုး

ငါန်းဇွန် ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ရက် နံနက် ၇နာရီက ငါန်းဇွန်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်သက်ထွန်းနှင့် ဝန်ထမ်းများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေနှင့် ဝန်ထမ်းများက စိန်တစ်လုံးသရက်၊ ကျွန်း၊ ယူကလစ်၊ စိန်ပန်း၊ ကုက္ကို၊ တမာစုစုပေါင်း အပင် ၂၇၀တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ် သတင်း ထွေတလာ

မီးဘေး ကြိုတင်ကာကွယ်ရေး ရွှေကူ၌ ဟောပြော

ရွှေကူ ဇူလိုင် ၉

ကချင်ပြည်နယ် ရွှေကူမြို့ မီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို ဇူလိုင် ၄ရက် နံနက် ၉နာရီက မြို့မဈေး စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး ရုံးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးခင်အောင်နီက ဈေးစည်းကမ်းဆိုင်ရာများနှင့် ဈေးမီးဘေးလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးမှူးက ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်မှုသည် မီးအန္တရာယ်မကျရောက်နိုင်စေရန်အတွက် အရေးပါကြောင်းကိုလည်းကောင်း ဈေးသူဈေးသားများအား ဆွေးနွေးပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဖျားနီက ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ရှိ ဗိုလ်ချုပ်လမ်းနှင့် တနင်္သာရီလမ်းဆုံ မြောင်းအလှဆောင်ရွက်နေမှုကို ဇူလိုင် ၉ရက်က ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ညောင်တုန်းမြို့အထက(၁)၌ ပညာရည်ချွန်ဆုချီးမြှင့်

ညောင်တုန်း ဇူလိုင် ၁၇

ညောင်တုန်းမြို့ အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အထက(၁)လှိုင်ပညာခန်းမ၌ ဇူလိုင် ၁၁ရက် နံနက် ၉နာရီက ကျင်းပသည်။

သင်ကြားပေး

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းဌေး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူ(ဝဲပုံ)နှင့် တာဝန်ရှိသူများက ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ကိုးဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀နှင့် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပထမ၊ ဒုတိယ၊ တတိယရရှိကြသော ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးကြသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ အထက(၁)ကျောင်းမှာ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်ကောင်းအောင် သင်ကြားပေးနိုင်သော ကျောင်းဖြစ်သည်။ (၁၅၂)

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့အခမ်းအနား ဗန်းမော်မြို့၌ကျင်းပ

ဗန်းမော် ဇူလိုင် ၁၀

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက ဗန်းမော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး(ဗဟို)အဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဦးမောင်ဦးထံမှ ပေးပို့သည့် သဝဏ်လွှာကို ဗန်းမော်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးလွင်မိုး (အပေါ်ပုံ)က ဖတ်ကြားပြီး မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပတ်သက်၍ ဗန်းမော်မူးယစ်(အထူး)မှ ဒုတိယရဲမှူးကျော်ကျော်မင်း၊ ခရိုင်ဥပဒေအရာရှိ ဦးမြင့်ဝင်း၊ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာတင်ဝင်းမြင့်တို့က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် ကျောင်းသား ကျောင်းသူများအား တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ (ခရိုင် ပြန်/ဆက်)

၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်လိုင်စင် သက်တမ်းတိုးရန် ဇူလိုင် ၅ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ကြီးကြပ်လျက် ဒုတိယဦးစီးမှူး (အခွန်) ဦးသက်ဇော်ထွန်းနှင့်အဖွဲ့ ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရွှေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်း တာချီလိတ်၌ဖွင့်

တာချီလိတ် ဇူလိုင် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းကို တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဇွန် ၂၆ရက် နံနက် ၉နာရီက ကျင်းပသည်။

သရုပ်ပြ

အခမ်းအနားတွင် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ယုက မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဝင်းသူအောင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်တို့၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ အဖွဲ့ဝင်ခရိုင်ဥပဒေအရာရှိ ဦးစိုင်းကျော်ဇံက လွှတ်တော်သုံးရပ်နှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း၊ အဖွဲ့ဝင် ခရိုင် လဝကဦးစီးမှူး ဦးထိန်ဝင်းက မဲစာရင်း ပြုစုရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းမုတ်နွန်းက ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၏ လုပ်ငန်းတာဝန်များကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဇော်နိုင်ဦးက မဲစာရင်းရေးသွင်းခြင်း ပုံစံဇယားများကိုလည်းကောင်း ရှင်းလင်းပို့ချပြီးနောက် မဲရုံတွင် ဆန္ဒမဲပေးမှုတို့ကို လက်တွေ့သရုပ်ပြကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာသင်တန်း သရက်မြို့၌ဖွင့်

သရက် ဇူလိုင် ၁၅

သရက်ခရိုင်သရက်မြို့နယ် ကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးဖွင့်လှစ်သည့် ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ ခွဲဝင်များ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၂၆ရက် နံနက် ၈နာရီက သရက်မြို့ အလက(၁)ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းလွင်က အမှာစကား ပြောကြား၍ ကော်မရှင်ဥက္ကဋ္ဌ ဦးညွန့်လွင်က ရွေးကောက်ပွဲဆိုင်ရာများနှင့် သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းတွင် ဥပဒေအရာရှိ ဦးခင်မောင်သက်၊ လူဝင်မှု ကြီးကြပ်ရေး ဦးစီးအရာရှိ ဦးအောင်ခင်၊ လက်ထောက်ပညာရေးမှူး ဦးမျိုးဝင်းခိုင်၊ ကော်မရှင်အတွင်းရေးမှူး ဦးဖြိုးဝေလင်းတို့က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့် မဲရုံမှူးလမ်းညွှန်မှုများကို သင်တန်း ပို့ချပြီး လက်တွေ့သရုပ်ပြသသည်။ သင်တန်းသို့ သင်တန်းသား၃၁၀ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း
ကျန်းမာရေးရာ
သတင်းသုတ

အသက်ရာကျော်ရှည်မည့်သူများ ကြိုတင်ဟောကိန်းထုတ်နိုင်ပြီ

ကောင်းမြတ်သူ-ရေးသားသည်

ဘော်စတွန် ဇူလိုင် ၁၈

အသက် ၁၀၀နှောက်ပိုင်း အသက်ရှင်နိုင်သူများကို မျိုးဗီဇလက္ခဏာများ စမ်းသပ်ခြင်းဖြင့် ကြိုတင်ဟောကိန်းထုတ်နိုင်ပြီ ဖြစ်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။ ဘော်စတွန်အခြေစိုက် အမေရိကန်သုတေသီများက လူ ၁၅၀အား မျိုးဗီဇလက္ခဏာများ စမ်းသပ်စစ်ဆေးကြည့်ရှုရာမှ အထက်ပါအချက်ကို လေ့လာတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်သိပ္ပံဂျာနယ်တွင် ဖော်ပြထားသည်။ ဤအချက်ကို လေ့လာတွေ့ရှိခဲ့ခြင်းကြောင့် အသက် ၁၀၀ အထိ အသက်ရှင်သန်နေထိုင်နိုင်မည့်သူများအား စမ်းသပ်ပေးနိုင်တော့မည်ဟုဆိုသည်။ စက်မှုထွန်းကားသော နိုင်ငံကြီးများတွင် လူပေါင်း ၆၀၀၀လျှင် တစ်ဦးမျှသာ အသက်၁၀၀အထိ အသက်ရှင်နိုင်ကြသည်။ ယင်းတို့အနက် ၉၀ ရာခိုင်နှုန်းမှာ အများဆုံး ၉၃နှစ် အထိသာ အသက်ရှင်နေနိုင်ကြသည်။

(အင်တာနက်)

ရေအောက်၌ ကျက်စားသော ရှားပါးငါးမျိုးစိတ်များ



ကိုသစ္စာ ➢ ရေးသားသည်

မဲလ်ဘုန်း ဇူလိုင် ၁၈

ဩစတြေးလျနိုင်ငံ ကမ်းလွန်ရေအောက် ကီလိုမီတာများစွာအနက်၌ ရှင်သန်ကျက်စားနေသော ရှားပါး ပင်လယ်သတ္တဝါ မျိုးစိတ်များကို ဩစတြေးလျ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇူလိုင် ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

ခြိမ်းခြောက်

အလွန်ရှေးကျပြီး မျိုးစိတ်သက်တမ်းကြာရှင့်နေပြီဖြစ်သည့် ပင်လယ်သတ္တဝါမျိုးစိတ်များမှာ ပင်လယ်သမုဒ္ဒရာ အပူချိန်မြင့်တက်လာမှုကြောင့် သေဆုံးပျက်စီးမှု၊ မျိုးသုဉ်းသွားနိုင်မှုအခြေအနေများက ၎င်းတို့ကိုခြိမ်းခြောက်နေကြောင်း ဩစတြေးလျသိပ္ပံပညာရှင်များက ပြောကြားသည်။

ဩစတြေးလျသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိခဲ့သည့် ရှားပါးသတ္တဝါမျိုးစိတ်များမှာ ငါးမန်း၊ ငါးဘီလူးနှင့် ပုစွန်ကဲ့သို့သော ဒီဇိုင်းပုံစံမျိုးများဖြစ်သည်။ အချို့သတ္တဝါမျိုးစိတ်များမှာ အမျိုးအစားခွဲရမှုခက်ခဲကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အဆိုပါ သတ္တဝါများ ရေအောက်တွင် ကူးခပ်သွားလာရှင်သန်နေမှုကို ရေအောက်ကင်မရာများဖြင့် ရိုက်ယူကာ မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း အားကစားသတင်းအညွှန်း



၂၀၂၆ ကမ္ဘာ့ဖလားပွဲ အိမ်ရှင်ဖြစ်ရေး တရုတ်ကြိုးပမ်းမည် (စာ-၁၂)

ကမ္ဘာ့ဖလား ဗိုလ်လုပွဲတွင်သုံးသော ဘောလုံး ဒေါ်လာ ၇၄၀၀၀ဖြင့် လေလံအောင် (စာ-၁၂)